TEXT RIVER
PUBLISHING HOUSE

# ဂျက်ကွမ်းခြံကုန်း

# ကမ္ဘာကြီးက တောင်ကန်မြောက်ကန်

စာနဒီစာအုပ် (၉)

ကယ်လီဖိုးနီးယား မိုနိုလော့ဂ်များ

# ကမ္ဘာကြီးက တောင်ကန့်မြောက်ကန့်

ဂျက်ကွမ်းခြံကုန်း

TEXT RIVER
PUBLISHING HOUSE

အမှတ် - ၁၂၊ မြေညီထပ်၊ အာရှပလာဇာ
ဗိုလ်ချုပ်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်။
ဖုန်း-၀၉ ၅၀၇ ၁၁၉၇၊ ၀၉ ၇၃၁ ၁၃၆၄၇၊ ၀၁ ၅၅၂၁၃၁

| | | |
|---|---|---|
| စာမူ ခွင့်ပြုချက်အမှတ် | ■ | ၄၀၁၃၅၀၁၂၁၀ |
| မျက်နှာဖုံး ခွင့်ပြုချက်အမှတ် | ■ | ၄၀၀၄၅၈၀၄၁၁ |
| ထုတ်ဝေသူ | ■ | ဦးမျိုးမြင့်<br>(စာနဒီစာအုပ်တိုက်)<br>၁၄၀၉ [ယာယီ]<br>အမှတ် ၉၇၃၊ ပျဉ်းမမြိုင်လမ်း<br>၃၄ ရပ်ကွက်၊ မြောက်ဒဂုံ။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ■ | Color Zone Press |
| မျက်နှာဖုံးပန်းချီ | ■ | ဗဂျီလင်းဝဏ္ဏ |
| အတွင်းပန်းချီ | ■ | အာကာ၊ စောမင်းဝေ၊ ဝလုံး၊<br>မိုးထက်မိုး၊ ဖေသစ်တည် |
| မျက်နှာဖုံးကာလာခွဲ | ■ | Eagle |
| အတွင်းဖလင် | ■ | A7 Group |

ပထမအကြိမ် – ဩဂုတ်လ၊ ၂၀၁၁ ခုနှစ်
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၁၂၀၀ ကျပ်

၀၈၀.၀၀

ဂျက်ကွမ်းခြံကုန်း

ကမ္ဘာကြီးက တောင်ကန်မြောက်ကန်/ ဂျက်ကွမ်းခြံကုန်း။ -ရန်ကုန်၊ စာနဒီစာပေ၊ ၂၀၁၁။

၁၀၈ စာ၊ ၁၂.၇ ×၁၈.၄၂ စင်တီ

(၁) ကမ္ဘာကြီးက တောင်ကန်မြောက်ကန်

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကမ္ဘာကြီးက တောင်ကန်မြောက်ကန် | ၇ |
| ၂။ | ဘာသင်သလဲ မမေးနဲ့ | ၁၂ |
| ၃။ | လျှော်ပေတော့ | ၁၆ |
| ၄။ | ဈေးဗန်းထဲမှာ ရောက်နေတဲ့သူ | ၂၀ |
| ၅။ | ယိုသူတွေကတော့ မရှက်တော့ဘူး | ၂၄ |
| ၆။ | ဦးလား ဒေါ်လား ဦးဒေါ်လား | ၂၈ |
| ၇။ | ဆင်ကြီးကိုတော့ တွေ့ပါပြီ | ၃၃ |
| ၈။ | ကျွန်ုပ်နှင့် ပါတော်မူ ဇာတ်လမ်းများ | ၃၇ |
| ၉။ | တူများ တူမများ၏ ခေါ်သံ | ၄၂ |
| ၁၀။ | နတ်မင်းဗိဿနိုး အိပ်ရာက နိုးလေသော် | ၄၆ |
| ၁၁။ | ရောမွှေကာ သမလိုက်ပြန်တော့ | ၅၀ |
| ၁၂။ | နွားသိုးနဲ့ မိုး | ၅၄ |
| ၁၃။ | လူဖြစ်ဖို့အတွက် လွယ်သောနေရာ | ၅၉ |

၁၄။ လှောင်တာလေလားနော်ကွယ် ၆၃
၁၅။ မြန်မာလစ်ထရေးချားသည် တို့လစ်ထရေးချား ၆၇
မြန်မာလန်းဌေ့သည် တို့လန်းဌေ့
၁၆။ ဘယ်နေရာမှာ ကျီးကိုစောင့်လို့ ၇၃
ဘယ်ဒေသမှာတဲ့ ကြက်ကိုနှင်
၁၇။ နင်ငိုပေမယ့် အလကား ၇၇
၁၈။ တို့လိုမျိုး အဝင်းတို့ရဲ့ခေတ် ၈၁
၁၉။ သန်လျက်ကို စွန့်ပြီ ၈၆
၂၀။ ကျွန်ုပ်နှင့် သပွတ်အူနှာများ ၉၀
၂၁။ အို... အသင် ဩကာသလောက ၉၅
၂၂။ ဘုန်းကံကြီးမို့ စီးပါတော့လား ၁၀၀
၂၃။ ဝယ်လို့ကောင်း ခြမ်းလို့ကောင်း ၁၀၄



ကယ်လီဖိုးနီးယားမိုနီလော့ဂ်

# ကမ္ဘာကြီးက တောင်ကန်မြောက်ကန်

ဘယ့်နှာသို့ ဖြစ်သည် မသိ၊ ယခု ရက်ပိုင်းကလေးများ အတွင်း၌ ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း၏စိတ်ထဲ အရိပ်ပမာ မခွဲမခွာဟု ဆိုသလို လာလာပြီး ငြိနေသည့် ကိစ္စကတော့ ဘောလုံးကိစ္စကြီးပေပ အခွေတို့။

ဘောလုံးဟု ဆိုလိုက်သည်နှင့် ကျွန်ုပ်၏ စိတ်ထဲ ဦးစွာမဆွ မြင်ယောင်ကြားယောင် ဖြစ်မိ

တနဒီစာအုပ်တိုက်

သည်က ကျွန်ုပ်၏ဆရာ နန္ဒာသိန်းဇံပေပ ဗျာရယ်။ ဆရာကား ဒဿနိဗေဒ ပါမောက္ခ ဖြစ်သည်နှင့်အညီ အရာရာကို အတွေးအခေါ်ရှုထောင့်မှ ကြည့်ရှုတတ်သည် ဖြစ်ချေရာ ဘောလုံးပွဲများနှင့်ပတ်သက်၍ အနို့ကလို မိန့်မြွက်ဖူးပါ၏။

''ဘောလုံး ဘောလုံးနဲ့ လူတို့
အရှုံးအမှုး ဖြစ်နေကြသည်
ဖြစ်၍... ကိုယ်လေ့လာအကဲခတ်ကြည့်မိသကွာ...
တကယ်တော့ လူဆယ့်တစ်ယောက်စီခွဲပြီးသည့်သကာလ...
တစ်ဖက်ကဂိုးပေါက်ထဲကိုဝင်အောင်
လုကန်နေကြတာပါကွာ''

မှန်ပေ့။ ဆရာ နန္ဒာသိန်းဇံမြင်သော ဘောလုံးရသအနှစ်ချုပ်ပါပေ။

တစ်ဖန်ကျွန်ုပ်၏အဆွေတော် အဝေးတစ်နေရာတွင် အောင်မြင်မည့်သူ ကဗျာဆရာက သူသည်ကား ပုသိမ်တက္ကသိုလ် မြန်မာစာအသင်း၏ selection ခေါ် လက်ရွေးစင်ဖြစ်ကြောင်း ဆိုခဲ့ဖူးရာ ကျွန်ုပ်က အထင်ကြီး၍ မဆုံးမီ အနီတက္ကသိုလ်၏ မြန်မာစာဌာနဝယ် အတောင် ၂၀ ဝတ် အမျိုးသားဟူ၍ ဆယ့်သုံးယောက်သာရှိကြောင်း သိခွင့်ရခဲ့ရာ ဘယ့်နှာ selection ကြီးပါလိမ့်မတုံးဟု ခံစားခဲ့ရပါ၏။ ထား။

ယနေ့ကမ္ဘာကား ဘောလုံးကမ္ဘာဟု ဆိုရလောက်အောင် တဗုန်းဗုန်းနှင့်ကန်ကြ၊ တဝုန်းဝုန်းနှင့်အားပေးကြ၊ ဂိုး ဂိုး ဟူသော အသံကြီးတို့ လွှမ်းခြုံသည့် ကမ္ဘာလောကပင်။

အနို့သော် စိတ်ပျက်စရာတို့က ဒုနဲ့ဒေးဖြစ်ပါ၏။

ဘုတ်အုပ်ဖတ်သူတို့ မှတ်မိကုန်လေသလော မသိ။ ၁၉၈၆ ကမ္ဘာ့ဖလားကို မက္ကစီကိုနိုင်ငံ၌ ကန်ကြစဉ် ဗိုလ်လုပွဲသို့ တက်ရောက်လာကြ

သူများမှာ အင်္ဂလန်နှင့် အာဂျင်တီးနား။ ဤ၌ တစ်ဂိုးစီ သရေဖြစ်နေသည့် အခိုက် အာဂျင်တီးနားတိုက်စစ်မှူးဖြစ်သူ မာရာဒိုနာကြီးက ခေါင်းတိုက် သလိုလုပ်ကာ လက်နှင့်ပုတ်သွင်းလိုက်သဖြင့် ၂-၁ ဖြစ်သွားကာ အာဂျင် တီးနား ဗိုလ်စွဲခဲ့ပါ၏။

အာဂျင်တီးနားပိုင် ဖောက်ကလန်ကျွန်း (Folkland Islands) ကို ၁၈၃၃ ကတည်းက အင်္ဂလန်က သိမ်းထားခြင်း၊ ၁၉၈၂တွင် ဖောက်ကလန် က တွန်းလှန်ခြင်း၊ အင်္ဂလန်က နှိမ်နင်းခြင်း စသည့် နောက်ခံများ ရှိဘိ သည်ဖြစ်ရာ ဘယ့်နှာပဲ နိုင်ရနိုင်ရ နိုင်ရင်ပြီးတာပဲဟု လုပ်ထည့်လိုက်သည် မှာ ကမ္ဘာကျော် ဖြစ်ပါ၏။

ဘောလုံးပွဲတို့၌ War Fever ခေါ် စစ်၏ အဖျားသွေးကလေး ခပ် ငွေ့ငွေ့ ရှိနေတတ်သည်ဆိုခြင်းမှာ ဟုတ်များ ဟုတ်နေလေရော့သလား မဆိုတတ်။

လူတွေက နိုင်ချင်ကြသည် မဟုတ်သလော။

ဟိုး ၁၉၉၄ တုန်းက ကမ္ဘာ့ဖလားပွဲကို ကျွန်ုပ် အမှတ်ရမိပါသေး ၏။ ကိုလံဘီယာဘောလုံးသမား အက်စ်ကိုဘာ အသတ်ခံရသည့် ဘောလုံး ပွဲပေပ။ တစ်ဖက်အသင်းက ရှေ့တန်းတိုက်စစ်မှူးနှစ်ဦး အပေးအယူလုပ် ကာ ကိုလံဘီယာဂိုးရှေ့သို့ ရောက်လာသည့်အခိုက် အက်စ်ကိုဘာက လှမ်း ဖျက်စဉ် မမီမကမ်းဖြစ်ကာ ဘောလုံးကို ခြေဦးနှင့် ထိုးသလို ဖြစ်သွားပြီး ကိုယ့်ဂိုး ကိုယ်ပြန်သွင်းသလို ဖြစ်သွားရာက အက်စ်ကိုဘာ နားနေရာ ဟိုတယ်ပေါ်သို့တက်ပြီး သေနတ်နှင့်ပစ်သွားခဲ့ရာ ကမ္ဘာက ကြေကွဲခဲ့သည် မဟုတ်သလော။

အနို့နှင့် ဆက်လက်၍ ကျွန်ုပ်မှတ်မိနေပြန်သည်မှာ ၂၀၀၆ ခုနှစ် တုန်းဆီကအဖြစ်ပင်။ အနီအဖြစ်မှာလည်း ကိုလံဘီယာနိုင်ငံက အဖြစ်ပင်

ဖြစ်ပါ၏။ ကလပ်အသင်းပိုင်ရှင် တစ်ယောက်ကို လုပ်ကြံသောသတင်း။ အသက် ၅၃နှစ်အရွယ် ဂူစတာဗိုအူစီဂွိုင်းလိုပက်ဇ် ဟူသည်ကို သက်တော်စောင့်နှစ်ယောက် မိသားစုဝင်များနှင့်အတူ နေထိုင်သည့်အိမ်ထဲသို့ဝင်ကာ သတ်သွားခြင်း ဖြစ်ပါ၏။ အားကစားပွဲ အနိုင်အရှုံးကိစ္စ မကျေနပ်မှုဟု ခန့်မှန်းကြပါ၏။

သို့နှင့် တစ်ဖန် ယခု လောလောလတ်လတ် ၂၀၀၉ ခုနှစ် ချန်ပီယံလိဂ်ဖိုလ်လုပွဲအပြီး သတင်းကလေးတစ်ပုဒ်ကလည်း ကျွန်ုပ်ရင်ဝကို လာရောက်ဆောင့်ပြန်ချေသဖျာ။

အနီ ဖိုလ်လုပွဲ၌ မန်ချက်စတာယူနိုက်တက် (မန်ယူ)နှင့် ဘာစီလိုနာ တို့ ဆော့ကန်ကြပြီးသည့်သကာလ အများသိတော်မူကြပြီးသည့်အတိုင်း ဘာစီလိုနာက နှစ်ဂိုး ဂိုးမရှိဖြင့် နိုင်ချေ၏။

ဤတွင် နိုင်ဂျီးရီးယားနိုင်ငံ အိုဘိုမြို့ကလေးက အဖြစ်အပျက်ကို ပြောလိုပါ၏။ ဘာစီလိုနာပရိသတ်က သူတို့၏ ဘာစီလိုနာအသင်း အောင်မြင်မှုကြောင့် လမ်းပေါ်၌ ပျော်မြူးလျက်ရှိစဉ် မန်ယူပရိသတ်က မကျေနပ်သဖြင့် သူ၏ မော်တော်ကားကို ဂငယ်ကွေ့ ကွေ့ပြီးသည့်သကာလ လူအုပ်ကို ဝင်တိုက်ရာ လူ ၄ ဦးသေ အများအပြားဒဏ်ရာရ ဟူသတတ်။ ၂၈ မေ ၂၀၀၉ သတင်း။

ဘောလုံးသမားကို သတ်၏။ အသင်းပိုင်ရှင်ကို သတ်၏။ ပရိသတ်ကို သတ်၏။ ဘယ့်နှာကြောင့်ဟု စေ့ငုသော် နိုင်လိုသောကြောင့်။ အရှုံးကို လက်မခံနိုင်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ၂၀၀၆က ပြောသော စကားတစ်ခွန်း ရှိပါ၏။ ကုလအဖွဲ့ဝင်နိုင်ငံ ၁၉၁ နိုင်ငံ၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဝင်နိုင်ငံ ၂၀၇ နိုင်ငံ။ အနို့ကြောင့် ဘောလုံးအားကစားက ကမ္ဘာပြုမှုပိုဆန်ပါကြောင်း ဟူလို။

တနင်္ဒီတာအုပ်တိုက်

ဖီဖာ(FIFA)ခေါ် ကမ္ဘာ့ဘောလုံးအဖွဲ့ ချုပ်ကြီးကို ၁၉၀၄ ခုနှစ် မေလ ၂၁ ရက်၌ စတင်၍ ဖွဲ့စည်းခဲ့သည် ဖြစ်ချေရာ ယခုမူ အနှစ် ၁၀၀ ကျော်ခဲ့ပြီ။

အနို့ဖြစ်ချေရာ အားကစား အားကစားနှင့် အရှုံးကို လက်မခံနိုင်ဘဲ ငါနိုင်မှဟူသောစိတ်ဖြင့် ကစားသူ၊ ကြည့်သူ မည်သူ့ကိုမျှ မရှောင်၊ အသင်းတည်ထောင်သူကိုလည်း အလွတ်မပေး၊ အသက်ကို အန္တရာယ်ပေးလာသည်များမှာ အရေအတွက် မနည်းလှတော့။

သို့ဖြစ်သည်ကြောင့် အနိုင်အရှုံးမရှိစေရန် ဂိုးပေါက် ဟူ၍ မထားတော့ဘဲ တောင်ကန် မြောက်ကန်နှင့် စိတ္တဇဝေဒနာရှင်တို့ ဆော့ကန်ကစားကြသည့်နှယ် တီထွင်ဖန်တီးပေးရသော် ကောင်းလေမည်လား မဆိုနိုင်ပါပေ တမုံ့တကား။ ။

မဟောသီ၊ ဩဂုတ်လ၊ ၂၀၀၉။

❑

ယခု ပစ္စက္ခခေတ်ကာလ သမယလောက် ပညာကို အငမ်းမရ အလုအယက် ရှာဖွေကြကုန်သောခေတ်သည် ဤကမ္ဘာပေါ်၌ အဘယ်သော ကာလကမှ ရှိခဲ့ပေအံ့ဟု ကျွန်ုပ် မထင်ပေ။ ဟုတ်၏။

Knowledge Society ဟူသော စကားကို ကျွန်ုပ်တို့ ကြားကြရပါ၏။ ပညာလူ့အဖွဲ့အစည်း ဟူလို။

Learning society ဟူသော စကားကိုလည်း ကျွန်ုပ်တို့ ကြားကြရကုန်ပါ၏။ ထာဝစဉ် အမြဲမပြတ် လေ့လာသင်ယူကျက်မှတ်နေရသော လူ့အဖွဲ့အစည်း ဟူသတတ်။

ကယ်လီဖိုးနီးယားမိုနီလော့ဂ်

**ဘာသင်သလဲ မမေးနဲ့**



အနို့အပြင် Knowledge Age ဟူသော စကားလုံးကိုလည်း ကျွန်ုပ်တို့ သတိချပ်မိကြပါ၏။ ပညာခေတ် ဟူပေ၏။

Education for All ဟူသည့် စကားကလည်း အတော်ကလေး လှပါ၏။ လူတိုင်း လူတိုင်းအတွက် မြတ်ပညာ ဟူသတည်း။

ကျွန်ုပ်နှင့် အလွန်အင်မတန်ရင်းနှီးသော မိတ်ဆွေဇနီးမောင်နှံ နှစ်ယောက်ရှိ၏။ သူတို့လက်ထပ်ပြီးစ ဇနီးဖြစ်သူ ကိုယ်ဝန်ဆောင်ထားစဉ် ကာလကတည်းက ရင်ခွင်ပိုက် မူကြိုကျောင်းကောင်းကောင်းကို စတင်၍ စုံစမ်းခဲ့ကြသည် ဟူသတတ်။ ကလေး၏ပညာရေးကို အလေးထားကြပုံ။ အနို ဇနီးမောင်နှံတို့၏ဆန္ဒက ကိုယ်ဝန်ဆောင်ထားစဉ်ကာလကတည်းက ကိုယ်ဝန်ထဲသို့ ပေးပို့သင်ကြားသည့် ပညာရေးဝန်ဆောင်မှု လုပ်ငန်းများ ရှိခဲ့သော် သင်ကြားပေးလိုသော အာသီသရှိပုံရပါ၏။ ထား။

အနို့နှင့် ကလေးမွေးပြီးသည်ရှိသော် ကလေးငယ် ထိုင်တတ် ထတတ် သည်နှင့် ရင်ခွင်ပိုက်မူကြိုသို့ တန်းပို့ဆောင်လိုက်၏။ ထို့နောက်တွင်ကား pre-school။ နောက်အသက်ပြည့်တော့မှ တကယ့် school။ ထို့နောက် ဆက်ကာ ဆက်ကာ school ကြပေတော့။

နောက်ထပ် ကျွန်ုပ်၏မိတ်ဆွေ ဇနီးမောင်နှံနှစ်ဦးကမူ သမီးကလေး တစ်ယောက်ရှိ၏။ အနိုကလေးကား နွေရာသီ၌ပင် ကစားမှု နားမှု မရှိ။ summer school ခေါ် နွေရာသီစာသင်ကျောင်းသို့ သွားတက်၏။ စနေ၊ တနင်္ဂနွေ ရက်များတွင်လည်း ဖေဖေ၊ မေမေတို့ဆီ ခရာခွင့် တာခွင့် မရ။ Weekend classes ခေါ် ကျောင်းပိတ်ရက်သင်တန်းတွေမှာ စာပေ ဗဟုသုတတွေကို အစွမ်းကုန် ဆည်းပူးနေဘိရှာပါ၏။

ကျွန်ုပ်၏ အခြားမိတ်ဆွေတစ်ဦးမှာကား လူလတ်ပိုင်းတစ်ယောက် ဖြစ်ပါ၏။ အနိုလူကား ဘွဲ့ရပြီးသော် ကွန်ပျူတာသင်တန်း ဆက်တက်၏။ ထို့နောက် အားမရ၊ အင်္ဂလိပ်ဘာသာသင်တန်း ဆက်တက်၏။ အားမရ၊

ပြင်သစ်စာသင်တန်း ဆက်တက်၏။ အားမရ၊ ကားမောင်းဆက်သင်၏။ အားမရ၊ ရေကူးသင်၏။ အားမရ၊ စိတ်ပညာဒီပလိုမာ ဆက်သင်၏။ အားမရ၊ စီမံခန့်ခွဲမှုပညာဒီပလိုမာ ဆက်သင်၏။ အားမရ...။ အားမရ...။ လေးစားစရာ ပညာရှာဖွေမှု ခရီးစဉ်။

အနို့ကလို သို့ကလို ပညာကို အငမ်းမရ ဖြစ်နေကြစဉ်အခိုက် ပညာနှင့်စပ်ဆိုင်သည့် သတင်းကလေးတစ်ပုဒ်ကို ဖတ်မိလိုက်ပါသော် ကောလား သပ္ပုရိသအနွယ်ဝင် သူတော်စင် စာရှုသူ။

သတင်းက AFP သတင်းကလေးပေပ။ တောင်ကိုရီးယားက သတင်းကလေးတစ်ပုဒ်ပေပဗျာရယ်။ အနို တောင်ကိုရီးယားနိုင်ငံမှာ ပုဂ္ဂလိကစာသင်ဝိုင်းတွေ အလွန်အင်မတန် ခေတ်စားလေသတဲ့။ မိဘတို့ကား မိမိတို့၏ရင်သွေးရင်နှစ်များကို ပညာချွန်ပညာမွန်ကြီးများ ဖြစ်လာကြစေရန်အလို့ငှာ ကျောင်းချိန်ပြင်ပ၌ ဝိုင်းများတွင် အပ်နှံသင်ကြားကြသည် ဟူသတတ်။ အချို့ အချို့သောဝိုင်းတို့ကား ညသန်းခေါင်ယံကာလအထိ လက်ခံသင်ကြားပေးကြသည် ဟူသတတ်။

အကျိုးဆက်မှာကား school ပြီး school ထူးသည်ထက်ထူးအောင် ကြိုးစားကြရချေကုန်သည့် ကလေးတို့သည် ပြင်းထန်သည့်ဖိအားကြောင့် စိတ်ဓာတ်ယိုယွင်းလာကြပေရာ ဆူဆိုက် (suicide) ခေါ် မိမိကိုယ်မိမိ သတ်သေမှုများ လုပ်ဆောင်လာကြသည် ဟူသတတ်။

အနို့ကလို မိမိကိုယ်မိမိ အဆုံးစီရင်မှုများမှာ နှစ်စဉ် လူ ၂၀၀ ဝန်းကျင်ရှိကြောင်း ရဲဌာနက စာရင်းပြုစုထားလေသတတ်။

ဤ၌ သမ္မတကြီးကိုယ်တိုင် တုန်လှုပ်ရလေပြီ။ သမ္မတလီမြောင်ဘတ်က ကန့်သတ်ရမည်ဟု အမိန့်ထုတ်ခဲ့ချေပြီ။

မူလတန်းကလေးများအတွက် ဝိုင်းကို ည ၉ နာရီ မကျော်စေနှင့်။

အလယ်တန်း၊ အထက်တန်း ဝိုင်းတို့ကို ည ၁၀ နာရီ မကျော်စေနှင့်။ ယင်းကား သမ္မတလီမြောင်ဘတ်၏ အမိန့်။

စာနဒီစာအုပ်တိုက်

ဤ၌ ကျွန်ုပ်နှင့်ရင်းနှီးသော မိသားစုကလေးတစ်စုကို သတိရမိ၏။ ချမ်းသာကြွယ်ဝပြီး သမီးကလေးကလည်း တစ်ယောက်တည်းရှိသည်ဖြစ်ရာ အက်ကျူကေးရှင်းကို အလွန်အားပေးဂရုစိုက်၏။ နံနက် ၄ နာရီ အိပ်ရာထသည်မှစကာ ည ၁၁ နာရီ အိပ်ရာဝင်သည်အထိ အားချိန် နားချိန်မရှိ။ ဆရာတို့ကား သူ့ဝင်ကိုယ်ထွက်။ အင်္ဂလိပ်စာကို ဆရာနှစ်ယောက်ထား၏။ သင်္ချာဆရာကိုလည်း နှစ်ယောက်ထား၏။

ထိုအနီ ကလေးမ၏ အချိန်စာရင်းကို ခဏယူကြည့်ရာ ဂိုက် (Guide)၊ ဂိုက် (Guide) နှင့် ဖြည့်ထားသော အကွက်တွေမှာ ပြည့်နှက်၍နေ၏။ သင်သည့်ဆရာက သင်၊ လမ်းညွှန်သည့်ဆရာက လမ်းညွှန်။

တစ်နေ့သ၌ အနီကလေးမကလေးကို ကျွန်ုပ်က စာသင်ပေးရ၏။ ကျွန်ုပ်နှင့်တပည့်မတို့ စာပေဆွေးနွေးသင်ကြားနေစဉ် မိခင်ဖြစ်သူက ထမင်းပန်းကန်ကို ဇွန်းတပ်လျက်ရောက်လာ၏။ အနို့နောက် သမီးအပါး၌ ကုလားထိုင်တစ်လုံးယူ၍ထိုင်ကာ သမီးကို ထမင်းခွံ့တော့သည်သာ။

ဆယ်တန်းကျောင်းသူမသည်ကား မွေးမာတာခွံ့သည့် ထမင်းကိုစားလိုက်၊ ကျွန်ုပ်၏သင်ကြားမှုကို နာယူမှတ်သားလိုက်။ မြတ်ပညာကို ထမင်းနှင့်အတူ ဝါးမျိုသုံးဆောင်နေပုံများ ဘယ့်နှာမှ စိတ်ဖိစီးမှုရှိပုံ မရပါဗျာ။

အင်း... တောင်ကိုရီးယားက ကလေးတွေ နည်းနည်းများ ပျော့နေကြသလားပဲ။

မိမိ ကျွန်ုပ် အနေနှင့်ကတော့ အထက်တွင် ဖော်ပြခဲ့သည့် သမီးငယ်မျိုးကလေးတွေကို နေရာအနှံ့ တွေ့ရမြင်ရလေ့ရှိသူ ဖြစ်ဘိချေရာ တို့သား၊ တို့သမီးတို့၏ အက်ကျူကေးရှင်းကို လာမစမ်းလေနှင့်ဟု လက်ခမောင်းခတ်လိုက်မိပါကြောင်း။ ။

Source : AFP

မဟေသီ၊ စက်တင်ဘာလ၊ ၂၀၀၉။

❑



ကယ်လီဖိုးနီးယားမိုနီလော့ဂ်

# လျော်ပေတော့

လျော်ပေး။ ဟုတ်ကဲ့ လျော်ပေး။

ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်းတို့၏ သပွတ်အူ ကျေးရွာနေ တောသူတောင်သားတို့ အပါအဝင် မဖွံ့ဖြိုးသော ကျောမွဲလူထုလူတန်းစား အသီးသီးအတွက် သက်ဆိုင်သူ အားလုံးက လျော်ပေး။

ဟိုး... တစ်မြန်နေ့ဆီတုန်းက ဆင်ဟွာ (Xinhua) သတင်းဌာန အခြေခံ သတင်းလေးတစ်ပုဒ်ကို ကြားလိုက်သိလိုက်သည်မှစကာ ကျွန်ုပ်ကတော့ အလျော်တောင်းဖို့ကိစ္စကိုသာ စိတ်ထဲ၌ ရှိနေတော့သည်ဗျာ။

ယခု ပထမဦးဆုံး အလျော်တောင်းလာသည်က ကျွန်ုပ် မိမိတို့နှင့်

မလှမ်းမကမ်းအရပ်ဆီက ဘင်္ဂလားဒေ့ရှ်နိုင်ငံပေပ သပ္ပုရိသအနွယ်ဝင် သူတော်စင်တို့ငဲ့လေ။

အလျော်တောင်းသူ ဝန်ကြီး၏နာမည်က မစ္စတာ ရာမန်ခန်းတဲ့ ဒေါ်ကြီး ဒေါ်လေးတို့ရဲ့။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ပတ်ဝန်းကျင်နဲ့ သစ်တော ရေးရာဝန်ကြီးပေပ အရပ်ကတို့ရယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်ကား လူဦးရေ သန်း ၁၅၀ ခန့်ရှိသတတ် ဟူလို။ ဘေးဒုက္ခကြုံနေသူတို့မှာ သန်း ၃၀ ရှိကြောင်း၊ ယင်း ဒုက္ခသည် တို့သည်လည်း ရာသီဥတုဒုက္ခသည်များသာလျှင် ဖြစ်ကြောင်း၊ မိုးကြောင့် လေကြောင့် မုန်တိုင်းကြောင့် ဒုက္ခတွေ့ရသူများ ဖြစ်ချေရာ သို့ကလို ရာသီ ဥတု ကမောက်ကမ ဖြစ်ရခြင်းသည် ဖွံ့ဖြိုးချမ်းသာပြီးနိုင်ငံကြီးတို့ကြောင့်၊ သို့ဖြစ်ပါ၍ ဖွံ့ထွားဆူဖြိုးသည့်နိုင်ငံကြီးတို့က အလျော်ပေးသင့်ပါကြောင်း ဟူလို။

သာဓု သာဓု သာဓု။

ကောင်းလေစွငယ်တကား။

ကျွန်ုပ် အလွန်သဘောကျသွားမိ၏။

ဟုတ်သည် လျော်ပေး။ ဥတုသပ္ပာယ မမျှမတဖြစ်အောင်လုပ်သည့် နေရာ၌ ကျွန်ုပ်တို့ပါသလော။

ယခု ကမ္ဘာ့ရာသီဥတုတို့ ဖောက်လှဲဖောက်ပြန်တွေဖြစ်လာကြသော အခါ ကာဗွန်ဒိုင်အောက်ဆိုဒ်ခေါ် $CO_2$ကို တရားခံအဖြစ်တွေ့ကြ၏။ စက်ရုံ၊ အလုပ်ရုံ၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ လေယာဉ်ပျံ၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ စီးကရက်ငွေ့၊ မီးဖိုငွေ့ စသည် စသည် တို့က $CO_2$ ခေါ် ကာဗွန်ကို ထုတ်လုပ်ကြချေ၏။

အမေရိကန်တို့က လူ ၁၀ ယောက်မှာ ၉ ယောက် ကားစီးသတဲ့။ ကိုယ်ပိုင်။ အမေရိကန်နှင့် ဩစတြေးလျက လူသားတစ်ယောက်သည်

တစ်နှစ်ကို ကာဗွန် ၁၆ တန်မှသည် ၃၆ တန်၊ ဥရောပ၊ ရုရှ၊ ကနေဒါ၊ ဂျပန်တို့က ၇ တန်မှသည် ၁၆ တန် ထုတ်သတတ်။ အမေရိကန်က တစ်ကမ္ဘာလုံး၏ ၂၅% သော $Co_2$တို့ကို ထုတ်လွှတ်လေသတဲ့။

အဲသည်တော့ ဘာဖြစ်ချေသတုံး။ Global Warmly ခေါ် ကမ္ဘာကြီး ပူနွေးလေသပေါ့ အဘရယ်။ ကမ္ဘာအရပ်ရပ်က နှစ်စဉ် ကာဗွန် ဘီလျံ ၇ တန်လောက် ထုတ်နေခဲ့ချေပြီး ပင်လယ်၊ သမုဒ္ဒရာ၊ သစ်တောတို့က ဘီလျံ ၃ တန်သာ စုပ်ယူနိုင်သည်ဆိုရာ ဘီလျံ ၄ တန် ပိုလျှံ၍ နေဘိ၏။ ပူစမ်း။

အနို့ ကမ္ဘာပူတော့ ဘဇာဖြစ်။ ဝင်ရိုးစွန်းက ရေခဲပြင်ကြီးတို့ အရည်ပျော်မဗျာ။ ပင်လယ်ရေတွေတိုး၊ ရေကြီး၊ ရေလျှံ၊ မုန်တိုင်းကျ၊ မိုးခေါင်၊ သီးနှံပျက်၊ ရောဂါထူ၊ ကမ္ဘာ့ကပ်ဆိုးကြီးတွေဆိုက်ရောက်။

ကျွန်ုပ်ဂျက် ဆိုလိုချင်သည်က အနို့ကလို ရာသီဥတု ဖောက်လွဲ ဖောက်ပြန်ဖြစ်၊ လူတို့ သောက ဗျာပါဒ ဆိုက်ရောက်အောင် လုပ်ဆောင်ကြ သည့်သူတွေထဲ၌ ဂျက်တို့ သပွတ်အူက လူတွေ ပါသလောဟူသည်။

မိမိတို့ရွာ၌ ကားတစ်စီးမှ မရှိ။ အားလုံး ခြေကျင်။ မိမိတို့ရွာ၌ ရေခဲသေတ္တာတစ်လုံးမှ မရှိ။ အားလုံး သီးနှံသားငါး ခုဝယ် ခုချက် ခုစား။ မိမိတို့ရွာ၌ လေအေးပေးစက်တစ်လုံးမှ မရှိ။ ခဲတံချွန်စက်ကလေး၊ အပ်ချုပ် စက်ကလေးမျှသာရှိ၏။

အနို့ကလို ဖြစ်ဘိတော့ချေရာ $Co_2$ထွက်အောင် လုပ်ဆောင်ကြသူတွေ ထဲ၌ ကျွန်ုပ်တို့ သပွတ်အူက လူတွေ မပါ။

အနို့ကြောင့် Green House Effect ခေါ် မှန်လုံအိမ်အာနိသင် ခေါ် ကမ္ဘာကြီး အပူရှိန် ငွေ့ငွေ့တက်အောင် လုပ်ဆောင်နေကြသူတွေထဲ၌ ကျွန်ုပ်တို့ သပွတ်အူသားတွေ မပါရှိ။

သို့ဖြစ်ပါ၍ ရေခဲပြင်ကြီးတွေ အရည်ပျော်တာ၊ ရေတွေလျှံတာ၊ မုန်တိုင်းတွေတိုက်တာ၊ မိုးတွေခေါင်တာ၊ သီးနှံတွေပျက်တာ၊ လျောင်

တွေလှုပ်တာ၊ တောင်တွေပြိုတာ၊ သဘာဝဘေးအန္တရာယ် ကပ်ဆိုးတွေ ကျရောက်စေသောကိစ္စများမှာ ကျွန်ုပ်တို့ ရွာသားများ၏ ပယောဂ မပါ။

အနို့သို့ ဖြစ်သော်လည်းပေါ့။ ယင်းဒုက္ခကို ခံစားကြရချေသောအခါ အများဆုံး ခံစားကြရသည်က ကျွန်ုပ်တို့လို သပွတ်အူကျေးလက်နေ ဘာမှန်း မသိသည့် မဖွံ့ဖြိုးသည့်သူများ။ ကျောကော့အောင် ပူရသည်က သပွတ်အူ။ ရေဘေးလွတ်ရာ ပြေးရသည်က သပွတ်အူ။ မုန်တိုင်းအောက် ပြားပြားဝပ် ရသည်က သပွတ်အူ။

ဟော… ယခုကြည့်။

ဘင်္ဂလားဒေ့ရှ် ပတ်ဝန်းကျင်နှင့်သစ်တောရေးရာဝန်ကြီးက ဖွံ့ဖြိုးပြီး နိုင်ငံတို့ကို အလျော်တောင်းကပြီ။ လျော်ပေါ့။ သပွတ်အူကိုလည်း လျော် ပေါ့။ ကားစီးတဲ့လူတွေ လျော်ကြပါ။ စက်ရုံပိုင်ရှင်ကြီးတို့ လျော်ကြပါ။ လေအေးပေးစက်နဲ့နေသည့်သူတွေ လျော်ကြပါ။ ရေခဲသေတ္တာသုံးသည့်သူ တွေ လျော်ကြပါ။ အဝတ်လျှော်စက်သုံးသည့်သူတွေ လျော်ကြပါ။ မီးစက် သုံးသည့်သူတွေ လျော်ကြပါ။

ကျွန်ုပ်ဆရာကြီး ဂျက်ကွမ်းခြံကုန်းက ဦးဆောင်ဦးရွက်ပြုလျက် သပွတ် အူကျေးတောနေ ရွာသူရွာသားတို့နှင့်အတူ လျော်ကြေးတောင်းဖို့ ပြင်ဆင် နေခဲ့သည်ကတော့ အမှန်ပေပဗျာရယ်။ အဘယ်မည်သော တရားရုံးကို ဦးတိုက် လျှောက်ထားရမလဲ။ လျော်ကြေးက မည်မျှရမလဲ။ သပွတ်အူသားတွေ မည်မျှ စီ ခွဲယူကြမလဲ ဆိုသည်ကဖြင့် ခုထိ မစဉ်းစားရသေးချေဘူးပေါ့။

ရွာထဲက ပွစိပွစိထွက်လာသည့် အသံတွေကတော့ ငွေကလေး မြိုးမြိုးမြက်မြက် ရလာခဲ့သော် မော်တော်ကားဝယ်စီးမယ်ဆိုလား။ ရေခဲ သေတ္တာဝယ်မယ်ဆိုလား။ မီးစက်ဝယ်မယ်ဆိုလား။

အင်းလေ… လျော်ဖို့သာ ပြင်ကြပေတော့။ ။

မဟောသီ၊ အောက်တိုဘာလ၊ ၂၀၀၉။

❑



ကယ်လီဖိုးနီးယားမိုနီလော့ဂ်

## ဈေးဗန်းထဲမှာ ရောက်နေတဲ့လူ

စာရေးဆရာကြီး မြသန်းတင့်ကိုဖြင့် လူတိုင်း ကြားဖူးကြပါပေအံ့။

ယင်း အနီ့ စာရေးဆရာကြီးကား အလွန် အင်မတန် ဘာသာပြန်ဆိုသော စာရေးဆရာကြီးပင် ဖြစ်ဘိပါချေ၏။

တနဒီစာအုပ်တိုက်

ဆရာကြီး၏လက်ရာ ဘာသာပြန်ဘုတ်အုပ်များထဲဝယ် "သုခမြို့တော်" ကား လွန်မင်းစွာ ထင်ရှား၏။ မူရင်းဘုတ်အုပ်ကား The city of Joy။ မူလဝတ္ထု ဘုတ်အုပ်ရေးသူက ဒိုမီးနိုလာပီယဲ (Dominique Lapierre)။

အဲသည့် အနီ ဝတ္ထုဘုတ်အုပ်ထဲဝယ် အကျွန်ုပ် ကျောချမ်းမိသော ဇာတ်ကွက်ကလေးတို့ ပါဝင်ပါ၏။ လူက သူ၏အသွေးအသားတို့ကို ဈေးကွက်တင်ရောင်းစားရသောဇာတ်ကွက်။ သွေးကိုဖောက်ရောင်း၏။ အသားကို လှီးရောင်း၏။ ကျောက်ကပ်ကိုဖြတ်ရောင်း၏။ ကြောက်ခမန်း လိလိပါပေတကား။

အနီအပြင် ပွဲစားတို့က သွေးဝယ်မည်ဆိုကာ ဆေးခန်းသို့ ခေါ်ဆောင်သွား၊ တစ်ပုလင်းဟု ဆိုထားသော်လည်း နှစ်ပုလင်း ထုတ်ယူစေသည် ဖြစ်ရပ်။

ထို့ပြင်တစ်ဝ မဆွက သွေးဝယ်မည်ဟု ခေါ်သွားသောလူကို ရုတ်တရက် မေ့ဆေးပေးခဲ့စိတ်ကာ ကျောက်ကပ်ကို လှီးဖြတ်ယူထားလိုက်သော အဖြစ်သနစ်တို့ကိုလည်း ထိုအနီ "သုခမြို့တော်" ခေါ် city of Joy ထဲ၌ ကြက်သီးတဖြန်းဖြန်းထအောင် ဖတ်ရှုခဲ့ရသည်သာပင်။

ဤ၌ စကားမစပ်ဟုဆိုသလို စာရေးဆရာ ကိုဖေမြင့်ကိုလည်း ဖျတ်ခနဲဆိုသလို အကျွန်ုပ် သွားသတိရ၊ သူ့ဝတ္ထုတိုပေါင်းချုပ် ဘုတ်အုပ်ကလေး တစ်အုပ်က စိတ်ထဲမှာ တရေးရေးပေါ်လာ၊ "လူသုံးကုန်ပစ္စည်းရောင်းသူများ" ဝတ္ထုတိုကလေးက နှလုံးသားအတွင်းမှာ လာငြိ။

အောချစရာ လောကကမ္ဘာပါပေတမုံ့။

အနီ ရှော့စတိုရီ ဝတ္ထုတိုကလေး အတွင်း၌လည်း လူကို လိုသလို လှီးထုတ်ဖြတ်တောက် ခုတ်ထစ်ပြီး ရောင်းလိုက်ကြတာ အံ့ဖွယ်လိလိ မဟုတ်ချေသလော။

တနဒီတအုပ်တိုက်

ထားပါလေတော့ သပ္ပုရိသအနွယ်ဝင် သူတော်စင် စာရှုသူငဲ့လေ။

အနီနှင့် ဟိုတစ်လောပိုင်း ရက်ကလေးများ အတွင်းဆီကမှ အင်ဒိုနီးရှားနိုင်ငံနောက်ခံ သတင်းကလေးတစ်ပုဒ်ကို ကျွန်ုပ် ဖတ်ရှုခွင့်ရလိုက်ပြန်ပါ၏။ လူကို ရောင်းချသည့် သတင်းပင်ပေပ။

အနီနိုင်ငံ အင်ဒိုနီးရှားဝယ် လူ၏အသွေးအသားကို on line ကပင် ရောင်းချနေသည် ဟူသတတ်။

သွေးလိုပါသလော။ တစ်ပုလင်းကို အဘယ်မျှ။

မျက်ကြည်လွှာ လိုပါသလား။ တစ်စုံကို အဘယ်လောက်။

ကျောက်ကပ်လိုပါစ။ နှလုံးလိုပါစ။ အရေပြားလိုပါစ။ ဆက်သွယ်ရန်လိပ်စာ၊ ပေါက်စျေး စသည် စသည်။

ကျောက်ကပ်တစ်ခုကို အမေရိကန်ဒေါ်လာ ၅၃၀၀ ကျသင့်ချေသတတ်။ မြန်မာငွေ သိန်း ၅၀ ပေပေါ့။

အင်ဒိုနီးရှားအစိုးရက အနီကလို လူကိုရောင်းသည်ရှိလေသော် ထောင်ဒဏ် ၁၅ နှစ် သို့တည်းမဟုတ် ရူပီးငွေ သန်း ၃၀၀ ဟု ထုတ်ပြန်ဒဏ်ငွေတပ်ထားလင့်ကစား ရောင်းသူဝယ်သူ သဘောတူ အဘယ်လူတား၍ရပါချေအံ့။

ဪ အသက်မွေးဝမ်းကျောင်းရန်အလို့ငှာ ရောင်းဝယ်ဖောက်ကားကြရသည့် ဤကမ္ဘာအလုံးကြီးပေါ်၌ လူက လူကိုပြန်ပြီး ခုတ်ထစ်ဖြတ်တောက် ဖောက်ထုတ်ရောင်းချနေကြရပြီ မဟုတ်ပါသလော။

ဤ၌ မေ - အကျွန်ုပ် ဂျက်ကွမ်းခြံကုန်း စိတ်ကူးမိတာကလေး တစ်ခု ပေါ်လာပါ၏။ လူကို အများအပြား မွေးမြူသားဖောက်ကာ လူသုံးကုန်ပစ္စည်းများကို လိုသလောက်ဖြတ်ထုတ် ခုတ်ထစ်ရောင်းချဖို့ကိစ္စ။

ဆေးရုံဆေးခန်းကြီးတွေနဲ့ ဆက်ထားချေမဗျာ။ သွေးဘယ်နှပုလင်း လိုပါလိမ့်။ မွေးထားတဲ့ခြံထဲက လူတွေထုတ်ကာ ရှော့ တစ်ပုလင်း၊ ရှော့

တစ်ပုလင်း ဖောက်ဖောက်ပေးလိုက်ချေတာပ။ ပူပူနွေးနွေး လတ်လတ် ဆတ်ဆတ်။

ကျောက်ကပ် ဘယ်နှစ်စုံလိုသလဲ။ ခေတ္တခဏစောင့်ပါလေ။ ဟောသမှာ ခြံထဲကလူတွေ ဆွဲထုတ်၊ ဆတ်ခနဲလှဲ၊ ဆတ်ခနဲခွဲ၊ ဆတ်ခနဲဖြတ်တောက် လှီးထုတ်၊ ရော့ နှစ်စုံ သုံးစုံ လေးစုံ ငါးစုံ။ လတ်ပါပေ့ ဆတ်ပါပေ့။ အနို့ ကာလတန်ဖိုးတော့ ပေးချေရလေမပေါ့။

မျက်ကြည်လွှာ လဲချင်ဘိပါသလား။

မျက်လုံးအစုံလိုက် သို့တည်းမဟုတ် တစ်လုံးချင်း လဲလိုသလော။

နှလုံး လဲထည့်လိုပါစ။

နားရွက်ကို ဖြတ်တပ်လိုပါစ။

ဒဏ်ရာရထားဖူးသည့် အရေပြားကိုရော လဲလိုပါစ။ ပေါင်သား ယူမလော၊ ပါးသား ယူမလော။ ခွဲစိတ်ဖြတ်တောက်ပါးပါးလှီး၊ ထူထူလှီး။ ခြံပေါက်လူသားတွေဆီက လှီးလို့ရတာ အကုန်လှီး၊ ဖြတ်လို့ရတာ အကုန် ဖြတ် ရောင်းဝယ်ဖောက်ကားကြရုံသာ။

နည်းပညာတို့ ဖွံ့ထွားစွင့်ကားလာသည့် ကျွန်ုပ် မိမိတို့၏ အနို ကမ္ဘာမြေဝယ် ဆေးသိပ္ပံဘက်ကလည်း အနို့ကလို မချိမဆံ့ကြီးဟု ဆိုရ လောက်အောင် ရှေ့သို့ အတင်းတွန်းထိုးလာခဲ့ပေရာ လူကို လူက ခုတ်မယ် ထစ်မယ် ပါးပါးလှီးမယ်ဟူသောကာလသို့ ရောက်ရှိအံ့လတ္တံ့တော့သည် ဖြစ်ချေရာ လူမွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် လုပ်ဆောင်ထား နှင့်ကြချေသည် မဟုတ်သလော ဟူလို တမုံ့တကား။ ။


မဟောသီ၊ မတ်လ၊ ၂၀၁၀။

❑

ကယ်လီဖိုးနီးယားမိုနိုလော့ဂ်

# ယို့သူတွေကတော့ မရှုက်တော့ဘူး

ယခု ရက်ပိုင်းကလေးများအတွင်းဆီ၌ ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း ဂျာနယ်၊ မဂ္ဂဇင်း ကလေးတွေ ဟိုလှန်သည်လှန်နှင့် တောင်ဖတ် မြောက်ဖတ် ဖတ်ခဲ့မိ။ ရေဒီယိုကလေးတစ်လုံးနှင့်လည်း ဟိုလိုင်း ကလိ၊ သည်လိုင်း ကလိ နားစွင့်ထားခဲ့မိလေပြန်တော့ကာ မန္တလေးက အမေ



လူထုဒေါ်အမာ ဆိုသည့် စာရေးဆရာ၊ သတင်းစာဆရာ အမျိုးသမီးကြီး ကို မကျေမနပ် ဖြစ်၍သာ နေမိတော့ချေသဗျာ။

အနီ့ အမေလူထုဒေါ်အမာ သက်ရှိထင်ရှားများ ရှိနေသေးလျှင်ဖြင့် နိုင်ငံခြားမှာသာ သွားထားလိုက်ချင်ဘိတော့ဗျာရယ်။ ဟုတ်ဖူ။

အီဂျစ်နဲ့ အင်္ဂလန် နိုင်ငံခြားကိုများ မောင် သွားထားလေမလား ဟူဘိသကဲ့သို့ အီဂျစ်၊ အင်္ဂလန်၊ အမေရိကန်နိုင်ငံများကိုတော့ဖြင့် မဟုတ်ပေ ဘူးပ သပ္ပုရိသအနွယ်ဝင် သူတော်စင်တို့ရယ်လေ။ အာဖဂန်နစ္စတန်တို့၊ အီရန်တို့၊ ဘင်္ဂလားဒေ့ရှ်တို့မှာ သွားထားချင်တာပေပ။

အမေ လူထုဒေါ်အမာ၏ အမေ့ရှေးစကား ဆောင်းပါးစာစုတစ်ခုထဲ ဝယ် လူငယ်ချစ်သူမောင်နှံတို့ လူရှေ့သူရှေ့မရှောင် ကယုကယင် ချစ်ခွန်း တုံ့တင်နေကြပုံကလေးတွေကို ထိန်းသိမ်းအပ်ပါကြောင်း ရေးသားခဲ့ပေသည် မဟုတ်သလော။

ခက်လိုက်သည့် စာရေးဆရာမကြီးငဲ့လေ။ လူငယ်တို့ ဘာသာဘာဝ သိင်္ဂါရရသကို ဖွဲ့ဆိုနေကြပုံကလေးတို့ဟာ အပြစ်တဲ့လားဗျာရယ်။

အီရန်၌ မိန်းမတို့ ရေမကူးရဆိုသည် မဟုတ်သလော။ စက်ဘီးမစီး ရဆိုသည် မဟုတ်သလော။

အထူးသဖြင့်မူ လမ်းပေါ်၌ ယောကျ်ား၊ မိန်းမ ယှဉ်တွဲ၍လမ်းလျှောက် ကြချေသောအခါ လက်ချင်းတွဲ၍ မလျှောက်ရဟူသတတ်။

အာဖဂန်နစ္စတန်၏အတိတ်က နေ့ရက်တွေတုန်းကရော ဘာများ ထူးလို့တဲ့တုံး အို…အသင် သူတော်စင် စာပေချစ်သူ။

တာလီဘန်တို့ ကြီးစိုးကြစဉ်က အာဖဂန်နစ္စတန်က မိန်းမတွေ မိတ်ကပ်မလူးရ၊ နှုတ်ခမ်းနီမဆိုးရ၊ ဒေါက်မြင့်ဖိနပ်မစီးရ၊ တက္ကသိုလ် မတက်ရ၊ သီချင်းမဆိုရ၊ မှတ်ပုံတင်ကတ် နိုင်ငံကူးလက်မှတ် မလုပ်ရ ဟူချေ၏။

အထူးသဖြင့်မှာကား မည်သည့် ယောကျာ်းနှင့်မျှ စကားမဆိုရဟု သည်နှင့် မင်္ဂလာဆောင်၊ အသုဘ စသော အခမ်းအနားများဝယ် ယောကျာ်း နှင့် မိန်းမ အတူတကွ ပူးတွဲ၍ မထိုင်ရ ဆိုပါကလား အမေလူထုဒေါ်အမာ။

မဝေးကွာလှသေးသည့် ကာလတစ်ခုဆီကမူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှ သတင်းတစ်ရပ်သည် ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်း၏ ဂေဟာအတွင်းသို့ ဝင်ရောက်၍ လာပြန်ပါ၏။

ပန်းခြံများ၊ တိရစ္ဆာန်ဥယျာဉ်များ အစရှိကုန်သည့် အများပြည်သူတို့ နှင့် ပတ်သက်ဆက်စပ်သောနေရာများဝယ် ချစ်သူစုံတွဲတို့သည် မမြင်အပ် ဖွယ်ရာ အပြုအမူများကို လုပ်ဆောင်လျက် နေဘိကြချေရာ ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့ဝင်တို့က အရေးယူလျက် ရှိရပါကြောင်း သတင်းတစ်ရပ်ပင်။ ယင်း ၎င်းအနီးသတင်းကို ဖော်ပြထားသည်မှာ The Time သတင်း မီဒီယာဟုလည်း ဆိုပါ၏။

အနို့ကြောင့် အဲသလိုမျိုး အီရန်၊ အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ် စသည် စသည်ဖြင့် နိုင်ငံများ၌ အမေလူထုဒေါ်အမာကို သွားရောက်ကာ ထားလိုက်ချင်ကြောင်း ကျွန်ုပ်က မြွက်ဟလိုက်မိခြင်း ဖြစ်ပါ၏။

ကျွန်ုပ်ကမူ ကျွန်ုပ်၏မျက်လုံးရှေ့မှောက်က ကြည်နူးဖွယ်ရာ မြင်ကွင်း ကလေးများကို ဘယ့်နှာသို့သော အကြောင်းပြချက်နှင့်မှ အပြစ်မမြင်မိပါ ကလား အဆွေစာရှုသူ။

ဘတ်စ်ကားပေါ်၌ ရင်ချင်းအပ်ကာ တစ်ယောက်ကိုတစ်ယောက် ဖက်ထားသည့်စုံတွဲကလေးကို ကျွန်ုပ် မြင်မိပါသော်ကော။ အမှန်တကယ် လန်းသည့် မြင်ကွင်းပင် မဟုတ်သလော စာရှုသူ။

တစ်ခါကမူ ဘတ်စ်ကားမှတ်တိုင်တစ်ခုဝယ် ကောင်ကလေး တစ်ယောက်က ကောင်မလေးတစ်ယောက်ကို ထမင်းခွံ့ကျွေးနေသည့်

မြင်ကွင်းက ကျွန်ုပ်နှင့် တည့်တည့်တိုးချေသပေါ့။ သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ ကြည့်၍မဝသောမြင်ကွင်းကလေးပေပ။

တစ်ခါကမူ ဒိုင်နာကားတစ်စီးပေါ်ဝယ် လွယ်အိတ်ကလေးတွေနှင့် စုံတွဲနှစ်ယောက်။ ကားတစ်စီးလုံး မည်သူ့ကိုမျှ မမှု။ ကောင်မလေးက ကောင်ကလေးကို ဝက်ခြံညှစ်ပေးနေခဲ့ပုံ။ ဒါကလေးလည်း လန်းတာပါပဲ အမေလူထုဒေါ်အမာရယ်။ ကြည့်ကောင်းတာပဲ မဟုတ်သလော။


အဲသဟာနှင့် စကားမစပ်။ တစ်ခါတုန်းကလည်း အဝေးပြေးကား တစ်စီးဖြင့် ခရီးသွားစဉ် လူရွယ်စုံတွဲကလေးတစ်တွဲပေပ။ ပထမတော့ တွတ်တီးတွတ်တာ၊ နောက်တော့ မိန်းမပျိုက လဲချလိုက်ရာ လုလင်ပျိုက ပွေ့ထားလိုက်ပါ၏။ နှစ်ယောက်ထိုင်ခုံကလေးပေါ်ဝယ် မိခင်က လသား ကလေးကို ပွေ့ပိုက်သလို ပွေ့ပိုက်၍ထားကာ ဆံစကလေးသပ်ပေးလိုက်၊ ပါးကလေးကို လိမ်ဆွဲလိုက်။ သိင်္ဂါရတွေပါ အမေလူထုဒေါ်အမာရယ်။

ကန်ပေါင်ရိုးပေါ်မှာ၊ ကြော်ငြာထီးရိပ်၏အောက်မှာ၊ ကော်ဖီ shop ကြီးတွေထဲမှာ။ သဟာတွေကိုမှ မျက်စိရှက်နေမင့်ဆို အာဖဂန်နစ္စတန်သာ သွားနေလိုက်။ အီရန်သာ သွားနေလိုက်။ ဘင်္ဂလားဒေ့ရှ်သာ သွားနေလိုက် ပေတော့ဟူလို။ ။

Souree : Reader"s Digest (July 1999)
National Geographic (July 1999)
The Voice (Vol 6. No.19)

**မဟောသီ၊ မေလ၊ ၂၀၀၀။**

❑



ကယ်လီဖိုးနီးယားမိုနီလော့ဂ်

# ဦးလား ဒေါ်လား ဦးဒေါ်လား

အထီး အမ သဘာဝကို လိင်ဟုခေါ်သတတ်။

ယင်းကား လိင်ဟူသည် အဘယ်နည်းဟူသည့် အမေးကို ပေးထားဘိခဲ့ချေသော အဖြေပင် ဖြစ်ပေသည် တမုံ့။

ဟုတ်ကဲ့။ ကျွန်ုပ် ဆရာကြီး ဂျက်ကွမ်းခြံကုန်းတီထွင်ကြံဆကာ စွတ်ရွတ်ပေးခဲ့လေသည့်အဖြေတော့လည်း မဟုတ်ချေပါ။ မည်သည့် မြန်မာသဒ္ဒါဘုတ်အုပ် မဆို ထူထူပါးပါး သင့်တင့်သည့်အခါတစ်ပါး၌ အသင်

လှန်လှောကြည့် လိုက်မိသည်ရှိသော် ဝါစင်္ ခေါ် စကားအင်္ဂါအစိတ်အပိုင်းတို့ကို ပြဆိုရာ၌ နာမ်၏နောက်၌ကပ်ကာ လိင်အကြောင်းကို သို့ကလို ဖွင့်ဆိုထားသည်မှာ ကေန်မှုချပင် ဖြစ်ပါ၏။ ကျွန်ုပ်က အနှီ ဖွင့်ဆိုချက်ကို ကူးထည့်လိုက်ခြင်းပင် ဖြစ်ပါ၏။

ဟုတ်ကဲ့။ အထီး အမ သဘာဝသည် လိင်။

လိင်အမျိုးအစား မည်မျှရှိပါအံ့ဟု စေ့ငုလိုက်လေသောအခါ လေးခု ရှိကြောင်း ပြဆိုပါ၏။

ပုလ္လိင်ဟူ၏၊ အထီးပါ အဆွေ။

ဣတ္ထိလိင်ဟူ၏၊ အမပါ အဆွေ။

ဒွိလိင်ဟူ၏၊ အထီးအပေါင်း အမပါ အဆွေ။

နပုလ္လိင်ဟူ၏၊ အထီးလည်းမဟုတ်၊ အမလည်း မဟုတ်ပါ အဆွေ။

ကျွန်ုပ်တို့ လူသားတို့သည်ကား ဒွိလိင် ဖြစ်၏။ လူတွင် အထီးလည်း ပါဝင်သလို အမလည်း ပါဝင်၏။ လူကို ပြန်ခွဲလိုက်သောအခါ ကျား၊ မ ကွဲ၍သွား၏။ ပုလ္လိင်နှင့် ဣတ္ထိလိင်။

ဥပမာ နေဝင်းမြင့်ဆိုသော် ပုလ္လိင်။ ခင်ခင်ထူးဆိုသော် ဣတ္ထိ လိင်။ ထား။

ကျွန်ုပ်တို့လူသားတို့သည်ကား ရတာမလို လိုတာမရဆိုဘိသကဲ့သို့ အလွန့်အလွန်ကိုပင်လျှင် အဆာကျယ်ကာ ပစိပစပ်များတတ်သူများ ဖြစ်ဘိ တတ်ကြကုန်သည်ဖြစ်ချေရာ ကျားက မစိတ်ပေါက်နေသည်များရှိသကဲ့သို့ မက ကျားစိတ်ပေါက်နေခြင်းများလည်း ရှိသည်ကို တရားအရှိ အများ အသိပင် ဖြစ်ချေသည်။

ဆေးသိပ္ပံအလိုအရ ဟော်မုန်းတို့၏ဖောက်ပြန်မှုကြောင့် ယောကျ်ား စိတ်၊ မိန်းမစိတ် ဖောက်ပြန်ပြောင်းလဲနေကြခြင်းကိုကား အပြစ်တစ်စုံ တစ်ရာဆိုဖွယ် မရှိပါလေ အဆွေ။

တနဒီတအုပ်တိုက်

သို့ဖြစ်ဘိမူ၍ ကမ္ဘာ့အရပ်တစ်ပါးတို့တွင် လိင်တူချင်းလက်ထပ်သည်ကို နိုင်ငံအစိုးရတို့က ခွင့်လွှတ်ကြ၊ ခွင့်ပြုကြသည်ဆိုပါ၏။

အချို့ ကမ္ဘာ့အရပ်တစ်ပါးတို့၌မူ သန့်စင်ခန်းများ၌ ကျားဟူသော အခန်းဘက်သို့ ဝင်ရအုံ့နိုး။ မ ဟူသော အခန်းဘက်သို့ ဝင်ရအုံ့နိုးဖြင့် စိတ်ဒွိဟဖြစ်ကာ ဇောချွေးပြန်နေရရှာသူတို့ကို ငဲ့ညှာသောအားဖြင့် ဟိုလိုလို သည်လိုလို အခန်းကလေးများကိုပင် ဆောက်လုပ်ပေးထားသည်ဟု ဆိုချေတုံသည် မဟုတ်သလော။ ထား။

အနို့နှင့် ကာလကြာသည်ရှိလေသော် လိင်ပြောင်းသူတို့ ပေါ်လာကြချေ၏။ ဖြတ်သင့်တာဖြတ်၊ တောက်သင့်တာတောက်၊ ခွဲသင့်တာခွဲ၊ တပ်သင့်တာတပ်၊ ကပ်သင့်တာကပ်၊ လိုသလို ဆော့ကစားလိုက်ချေရာ ကျားကနေ မ၊ မကနေ ကျား ပြောင်းရွှေ့၍ သွားကြတော့ပေ၏။

ထင်ရှားသည့် ဥဒါဟရဏ်ကို ဆောင်ရချေသော် အီရန်နိုင်ငံသည် ၁၉၇၉ နှောင်းပိုင်းမှ စတင်ကာ လုံးလိုက လုံး၊ ပြားလိုက ပြား အခွင့်ပေးထားသည်ဆို၏။ ဖြတ်တောက်ခွဲစိတ်ခ ကုန်ကျငွေတစ်ဝက်တိတိကိုလည်း နိုင်ငံတော်အစိုးရမင်းတို့က ကျခံကြသည် ဆိုတုံ၏။

ယခုအထိ ကျားမှ မသို့ ကူးပြောင်းပြီးသူ နှစ်သိန်းနီးပါး ရှိခဲ့ပြီဟူလို။ ဘုရားပေးသောအရာကို မိမိဘာသာ မလိုချင်သည်ဖြစ်၍ တပ်လိုသူကတပ် ခွဲလိုသူကခွဲ မိမိ၏သဘောပေပဲပလေ။

ဤ၌ စိတ်မနိုင်သူ စိတ်မခိုင်သူတစ်ဦး၏အကြောင်းကို ဖတ်ရှုလိုက်ရပြန်သောအခါ ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြကုန်းမှာ လွန်စွာ ခေါင်းခြောက်၍ သွားပါ၏။

လူမျိုးက ဗြိတိသျှလူမျိုးတဲ့ဗျာရယ်။ အမည်သညာ ခေါ်စရာကမူ နော်ရီမေဝဲလ်ဘီ ဟူသတတ်။ သူကား မဆွက ပုလ္လိင်ဟူ၏။ အတောင်

နှစ်ဆယ်ဝတ်မင်းယောကျ်ား။ အနို့နောက် မိန်းမဖြစ်ချင်စိတ် ပေါ်ပေါက်၍ လာတော့ရာ အသက် ၂၈နှစ်သားအရွယ် ၁၉၉၀ ခုနှစ်ဝယ် ခွဲစိတ်ပြီးသည့် သကာလ မိန်းမဘဝသို့ ပြောင်းလဲလိုက်သောဟူ၏။

နော်ရီမေဝဲလ်ဘီကား ဣတ္ထိယဘဝ၌ အတန်အသင့် ကျင်လည် ပြန်ပြီးသည်ရှိလေသော် အဖုာဘဝကို မပျော်ချေပြန် ဟူသတတ်။

သို့တစ်မူကြောင့် ဣတ္ထိယကိစ္စကို နိဋ္ဌိတံရန် အလို့ငှာ ပြန်လည်၍ ချုပ်လုပ်ပိတ်ဆို့ရပြန်ချေသည်သာ။

ကျားလည်း မဟုတ်တော့။ မ,လည်း မဟုတ်တော့။

ယခုအခါ အသက် ၇ နှစ်သားအရွယ်ကတည်းက ဗြိတိန်ကိုစွန့်ခွာ ပြီး ဩစတြေးလျသို့ ရောက်ရှိ၍နေခဲ့ချေသော နော်ရီမေဝဲလ်ဘီဆိုသော ပုဂ္ဂိုလ်ခမျာ ကျားလည်း မဟုတ်တော့၊ မလည်း မဟုတ်တော့။ ဖြတ်တယ်၊ ခွဲတယ်၊ ပြန်ချုပ်တယ်။ ဩစတြေးလျလူဝင်မှု ကြီးကြပ်ရေးက အနီသူ့ကို လိင်မဲ့ဟု စာရင်းသွင်းထားလေသတဲ့။

မြန်မာလိုဆိုရင် သူ့အမည်ရှေ့ကနေ ဘဇာသို့သော လိင်ညွှန်းပစ္စည်း ကို ထည့်ရမှာပါလိမ့်။ ကျားဆိုသော် မောင်၊ ကို၊ ဦး စသည်ဖြင့်။ မ,ဆိုသော် မ၊ ဒေါ် စသည်ဖြင့်။

ယခု ဖြတ်လည်း ဖြတ်တောက်၊ ပိတ်လည်း ပိတ်ဆို့ထားသည့် နော်ရီ မေဝဲလ်ဘီဟူသော အကြင်လူသားသည် မြန်မာတစ်ယောက်ဟု ဆိုကြပါစို့ငဲ့။

သူ၏အမည်ရှေ့မှ ဦး တပ်မလော ဒေါ် တပ်မလော။ ဦးနော်ရီ မေဝဲလ်ဘီလော၊ ဒေါ်နော်ရီမေဝဲလ်ဘီလော။

သို့တည်းမဟုတ် နှစ်ခုစလုံး စုပြုံတပ်ကာ ဦးဒေါ်ဟုညွှန်းရသော် သင့်ချေမလော။ သို့မဟုတ်ချေက ဦးရော ဒေါ်ပါ ဘာကိုမှ မတပ်ဆင်ဘဲ ထားသည်က ပိုမို၍ သင့်လျော်လျောက်ပတ်ချေမလော။

စာနဒီတအုပ်တိုက်

တောင်တွေး မြောက်တွေးနဲ့ ကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်း တစ်ယောက် အခုတစ်လောကလေးမှာ တော်တော့်ကို ခေါင်းခြောက်၍ နေရကြောင်းပါ သပ္ပုရိသအနွယ်ဝင် သူတော်စင်အပေါင်းတို့ငယ်လေ တမ့်တကား။

Source : Telegraph

မဟောသီ၊ ဇွန်လ၊ ၂၀၁၀။

❑



ကယ်လီဖိုးနီးယားမိုနီလော့ဂ်

# ဆင်ကြီးကိုတော့ တွေ့ပါပြီ

ကျွန်ုပ်တို့လူသားများသည် ဘယ့်နှာကြောင့် အိမ်ထောင်ပြုကြပါသနည်း။

လူတို့သည် အဘယ်မည်သော နှစ်ကာလ အခါသမယများကတည်းက အိမ်ထောင်ပြုခြင်းအလုပ်ကို စတင်၍ လုပ်ဆောင်ခဲ့ကြသနည်း။

အိမ်ထောင်ပြုသည်ဟု အနက်အဓိပ္ပာယ် သက်ရောက်စေရန် မည်သည့် အချက်အလက်တို့ လိုအပ်လေသနည်း။

စာနဒီစာအုပ်တိုက်

အိမ်ထောင်ပြုနည်း မည်မျှ ရှိလေသနည်း။

''အိမ်ထောင်သားမွေး ခြနှယ်မြွေး'' ဟူသည့် ဆိုရိုးစကားအတိုင်း အလွန်တရာ ပေပွရှုပ်ထွေးလှစွာသော ကိစ္စတစ်ရပ်ပင်။

ယခု ပစ္စက္ခ ရုတ်ခြည်းကာလ၌ ကျွန်ုပ်၏အတွေးဝင်္ကပါထဲဝယ် ဝဲလည်ဝဲလည်နှင့် လာရောက်ကြီးစိုးနေသည်မှာကား ကမ္ဘာကျော် ခေတ်ရှင်မင်းသား ဘရက်ပစ်(Brad Pitt)နှင့် ခေတ်ရှင်မင်းသမီးအန်ဂျလီနာ ဂျိုလီ(Angelia Jolie) တို့၏ အိမ်ထောင်မှုကိစ္စပင်တည်း။ ထား။

ကမ္ဘာဦးကမူ ကျွန်ုပ်တို့၏အိမ်ထောင်မှုသည် အဟိတ်တိရစ္ဆာန် ဆန်လှစွာသည်ဟု ဆိုပါ၏။ ဆွေဟယ်မျိုးဟယ် သားဟယ်အမေဟယ် နှမဟယ်မောင်ဟယ် မသိ။ အဆင်သင့်သလို အိမ်ထောင်မှု ပြုကြလေ့ရှိ ကြောင်းကို ရာဟုလာသံကိစ္စည်း၏ ဗော်လဂါမှ ဂင်္ဂါသို့ ဘုတ်အုပ်ကြီးထဲ တွင် ကျွန်ုပ် စေ့ငုဖူးခဲ့ပါ၏။ ကြောက်ဖွယ်လိလိပင်။

မလင်နီးရှန်း(Melanesians) လူမျိုးများကမူ လူတွင် ဖခင် ရှိရ မည်ဟူသောအချက်ကို နားမလည်ကြဟု ဆိုပါ၏။

အနို့ကလို အိမ်ထောင်မှုမျိုးကိုဖြင့် ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း အနည်းငယ် စိတ်ယိုင်မိကြောင်း ဝန်ခံလိုပါ၏။ ကျွန်ုပ်အား ရှိအံ့မထင် သည့် ဇနီးနှင့်သားသမီးများကို ကျွန်ုပ်က ဘယ့်နှာကြောင့် သဘောမကျဘဲ ရှိရချေမတုံးဗျာရယ်။

အိမ်ထောင်မှုကိစ္စ၌ မိုနိုဂမီ(Monogamy) ဟူသောဝေါဟာရကို ကျွန်ုပ်တို့နားယဉ်ကြကုန်၏။ တစ်လင်တစ်မယားစနစ်ဟူလို။ ပျင်းခြောက် ခြောက်ကြီးများ ဖြစ်နေချေတော့မလား။

အနို့အပြင် ပိုလီဂမီ(polygamy) ဟူသော ဝေါဟာရလည်း ရှိပါ၏။ အများကြီးအားကြီးယူသောစနစ်တဲ့။ သြော်...စိန်စတင်းကြီးမှာဖြင့် ချွေး တွေသံတွေနဲ့ပါ ဒေါ်လေးရယ်။

သည်မှာ ပိုလီအဲန်ဒရီ(polyandry) ဆိုတာကြီးကိုတော့ ဆရာအစ်ကိုဂျက် ဘယ့်နှာကမှ လက်မခံနိုင်ပါလေ။ ဘယ့်နှာ မိန်းမတစ်ယောက်က လင်ယောက်ျား အများအပြားယူထားသောဇလေ့တဲ့။

မုန့်ကိုသာ ဝေစားချင် စားမှာပေါ့ ကလေးရယ်။ ကလေးကို ဘယ့်နှာ သို့ ဝေငှရပ့်။ ကလေးက မုန့်မှ မဟုတ်ချေတာကလား။

အနို့အပြင် လစ်ဗင်းတူဂဲသား(Living together) ဆိုတာကြီးကလည်း အိမ်ထောင်အမှု အစုစု၌ တစ်ခုဟု ထင်ပါ၏။ လက်မထပ်ဘဲ အတူနေခြင်းဆိုလား။

Fran Klin ကတော့ Where there is marriage without love, threr will be love without marriage. ဟူသတတ်။ အချစ်မပါဘဲ လက်ထပ်ကြလေသည့် အရပ်တစ်ပါးဝယ် လက်မထပ်လေဘဲ ချစ်နေခြင်းမျိုးကလည်း ရှိတတ်ပေစွတကားဟူလို့။ ထား။

အမှိုက်တွေများသော အနီကမ္ဘာ၌ အိမ်ထောင်မှုဆိုသည်ကလည်း သူ့အမှိုက်နှင့်သူ ရှုပ်ပွနေမည်ကတော့ သဘာဝဓမ္မတစ်ရပ်သာပင်။

အနို့ အနီ အမှိုက်မှိုက် အထွေးထွေးကြီးဝယ် အဘယ်သို့သော အိမ်ထောင်မှုမျိုးကို အဆွေဂျက် သဘောကျ နှစ်ခြိုက်ပါစဟု မေးလာခဲ့သည် ရှိသော် မဆွက ကျွန်ုပ် ဖော်ပြခဲ့သော ဘရက်ပစ်နှင့် အန်ဂျလီနာဂျိုလီတို့၏အိမ်ထောင်မှုကို ယခု သွားရည်ယိုနေမိပါကြောင်း ဝန်ခံရဘိချေမဗျာ။

ကြည့်စမ်း။ Mr. & Mrs. smith ဆိုသည့် ရုပ်ရှင်ဇာတ်ကားမှအစ ပြု၍ ချစ်ကြိုးရစ်နှောင်ခဲ့လေသော အနီအဆိုပါရုပ်ရှင်မင်းသား ဘရက်ပစ်နှင့် မင်းသမီးချော အန်ဂျလီနာဂျိုလီတို့သည် ယခုအခါ ကလေး ခြောက်ယောက်ကို မွေးထားခဲ့လေပြီ။ ယင်း၌ သုံးဦးမှာ မွေးစားထားသည် မှန်သော်လည်း သုံးဦးမှာကား အဆိုပါ သူတို့နှစ်ဦး မွေးထားသည့်ကလေး

များပင်။ ယင်းကိုလည်းထား။ သူ့အဖေနှင့်သူ့အမေတို့ စုံဖက်ကာ ကလေး မွေးသည်မှာ ဘဇာမှ မဆန်းကြယ်သောကိစ္စ။

ဆန်းသည်က ယင်း ၎င်းအနှီ ဘရက်ပစ်နှင့် အန်ဂျလီနာဂျိုလီတို့ နှစ်ဦးသား လင်မယားအရာ မမြောက်ကြသေးခြင်းပင်။ တရားဝင် လက်ထပ် ထိမ်းမြားသမှု မပြုရသေးဟုဆိုသည် မဟုတ်လား။

ပုရိသဖြစ်သူ ဘရက်ပစ်က မကြာခဏ လက်ထပ်ခွင့်တောင်းပါ၏။ ဣတ္ထိယဖြစ်သူ အန်ဂျလီနာဂျိုလီက တို့ စဉ်းစားပါရစေဦးလား လုပ်ဆောင်နေ ခဲ့ရာ ယခု ကလေးသုံးယောက် တပြွတ်ပြွတ်မွေးပြီးသည် အထိပင်။

ကိုင်း အနို့ကလို အရာတွေ ရှည်ရှည်ဝေးဝေး အသာထားလျက် ကျွန်ုပ်ဂျက်ကရော ဘဇာသို့သော အိမ်ထောင်မှုမျိုးကို ထူထောင်လိုပါအံ့ ဟူသည့်စကားကို ပြန်ကောက်ရသည်ရှိချေသော် ထို ဘရက်ပစ်နှင့် ဂျိုလီ တို့၏ အိမ်ထောင်မှုမျိုးကို ကျွန်ုပ် ချင်ခြင်းတပ်မိချေသဗျာ။

ဟုတ်ပါရဲ့။ ကျွန်ုပ်နှင့် ကလေးသုံးလေးယောက် ရပြီးသည်မှန်ပါ လျက် ကျွန်ုပ်က မင်္ဂလာရက်မြတ်သတ်မှတ်ကာ အာဝါဟဝိဝါဟပြုလိုသည် ကို စဉ်းစားပါရစေဦးလားလုပ်နေသည့် မဟောသီ ဒေဝီ ဇေရီ အလှတစ်ပါးနှင့် ဘယ့်နှာကြောင့် ဟဝှါမပြုချင်ရမတုံး သပ္ပုရိသအနွယ်ဝင် သူတော်စင်စာရှူသူ။

တရားဝင်သည်၊ မဝင်သည် အပထား။ ကလေးတွေပဲ ကြီးလှမင့် ဥစ္စာ။ ဆင်ခြေရာတွေကို လိုက်ရှာမနေနှင့်တော့ အရပ်ကတို့ရယ်။ ဆင်ကြီး နှင့်ပက်ပင်းတိုးနေပြီပဲဟာ။ ကလေးတွေရှေ့ထားပြီး အဖေနဲ့အမေ အမှန် တကယ်လင်မယားဖြစ်ကြောင်း ထောက်ခံစာတောင်းမနေပါနှင့်တော့လား ဟူလို။ ။

Soure : China Daily

မဟောသီ၊ ဇူလိုင်လ၊ ၂၀၁၀။

❑



ကယ်လီဖိုးနီးယားမိုနီလော့ဂ်

# ကျွန်ုပ်နှင့် ပါတော်မူ ဇာတ်လမ်းများ

တချို့က ၎င်းကိစ္စကို အန္တရာယ်ဟု ဆိုပါ၏။ ခရီးတွေ ဘာတွေ သွားကြလာကြရင်း မအောင့်နိုင် မအည်းနိုင် ဖြစ်လာကြလေသောအခါ အန္တရာယ်ကို လွယ်မထား ကောင်းဘူး ဘာညာနှင့် အသံတို့ ထွက်လာကြစမြဲ ဖြစ်ပါ၏။

တနဒီတအုပ်တိုက်

တချို့ကမူ ယင်းကိစ္စကို ကျန်းမာရေးဟု အမည်ပေးပါ၏။ ကျွန်ုပ်တို့ အဝေးပြေးကားကြီးများနှင့် ခရီးသွားကြလေသောအခါ ကျန်းမာရေးဟု အော်လိုက်လျှင် အားလုံးက သဘောပေါက်ကြပြီးသား ဖြစ်ပါ၏။ အောက်သို့ ဆင်းကာ ကိစ္စဝိစ္စ ရှင်းကြလင်းကြပေရော့။

နောက်ဖေးနောက်ဖီသွားသည်ဟုလည်းကောင်း အတည်တည် အဝဝ ပြောလေသမျှ စကားတို့သည် အပေါ့အလေးစွန့်ခြင်းဟူသည့် လောကတံထွာ ဓမ္မတာတရားတို့ကို ရည်ညွှန်းခြင်းပင် ဖြစ်မိပါပေလေချေသည် တမုံ့။

စင်စစ် ကျွန်ုပ်တို့၏ ဘိုးစဉ်ဘောင်ဆက်ကို ပြန်ပြောင်းငဲ့စောင်း၍ ကြည့်လိုက်ချေသော် တောထိုင်ခြင်းသည် ကျွန်ုပ်တို့၏ ရိုးရာဓလေ့ဖြစ်ခဲ့ပုံ ရပါ၏။ ထိုစဉ်က အိမ်သာဟူ၍ မရှိကြ။ ဟတ္ထာပြုချင်သည်ရှိသော် အိမ်နောက်ဘက် တောစပ်သို့ ထွက်သွားပြီးသည့် သကာလ ချုံပုတ်ကောင်း ကောင်း၏ နံဘေး၌ ထိုင်ချလိုက်ရုံနှင့် ဘဝင်အသည်းထဲ၌ ပေါ့ပါးသွား စမြဲ ဖြစ်ပါ၏။ ထို့နောက်တွင်ကား တုတ်ချောင်းကောင်းကောင်းတစ်ချောင်း နှင့် သန့်ရှင်းရေးလုပ်လိုက်ရုံမျှသာ။

ဤနေရာ၌ ကုန်းဘောင်ခေတ် ဘုရင်တစ်ပါးဖြစ်သော ဘိုးတော်ဘုရားကို ကျွန်ုပ် သတိရမိပါပေ၏။ အဲဒီ ဘိုးတော်ဘုရား အမရပူရ၌ နန်းစံနေစဉ်အခိုက် တစ်နေ့ဝယ် သူ၏ ငယ်ငယ်ကရောင်းရင်း လင်မယား တို့သည် သတိရသောအားဖြင့် ဘိုးတော်ဘုရား၏ နန်းတော်သို့ လိုက်လာ ကြသောဟူ၏။

အသို့နှင့် ဘုရင်ဖြစ်နေသူ ငယ်ပေါင်းကြီး၏ ရေအိမ်တော်သို့ ဝင် ကြည့်ရာ ရေခွက်၊ ဆပ်ပြာ၊ လက်သုတ်ဖို့ရာ တဘက်ပဝါ စသည်တို့ကို မြင်သော် ဘုရင်ဖြစ်သော ဘာဖြစ်သောဟု နားမလည် အညစ်အကြေးစွန့်ပြီး လျှင် တုတ်ချောင်းနှင့် ရှင်းရမှ အားရကြောင်း၊ ယခု နင်တို့ပစ္စည်းတွေက

နလွန်း၍ ယုယနေပုံရကြောင်း ပြောထည့်လိုက်တော့ရာ ဘဝရှင်မင်းတရားကြီးသည် ရောင်းရင်းကို ခွင့်လွှတ်ကာ ပြုံး၍နေသည်ဟူ၏။

ဤနေရာ၌ ကျွန်ုပ်က စက္ကူနုနုရွရွကလေးများဖြင့် ကိစ္စရှင်းနေကြသော၊ Water Gun ခေါ် ရေသေနတ်ပိုက်ဖြင့် ချိန်ထိုးကာ ရေပန်းပဒေသာ သုံးလျက် သုတ်သင်နေကြသော ယခုခေတ်လူသားများကိုသာ ဘိုးတော်ဘုရား၏ ရောင်းရင်းကြီးများကိုခေါ်၍ ပြလိုက်ချင်ပါဘိတော့၏။

ဤနေရာတွင် ဖျတ်ခနဲ ဆိုသလို ကျွန်ုပ် သတိရမိသူ ကလေးသုံးလေးယောက်ကို ဖော်ပြလိုပါ၏။ ဒါရိုက်တာ စာရေးဆရာ သာဓုနှင့် သူ၏သား အစ်ကိုကြီး သုမောင်တို့ပင် ဖြစ်ပါ၏။

သူတို့ကား အိမ်သာထဲ၌ စာအုပ်စင်ထားသည် ဟူသတတ်။ ဆေးလိပ်ခွက်ထားသည် ဟူသတတ်။ ကော်ဖီခွက်ထားသည် ဟူသတတ်။ အတည်မပြုရသေးသော သတင်းများအရ အစ်ကိုကြီး ကိုသုမောင်သည် Mini Bar ကလေးပင် ထားသည် ဟူသတတ်။ သြော်... ပါတော်မူပုံ ဆန်းပြားပါပေ့။

နောက် တစ်ဦးမှာကား ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်သိန်း ခေါ် အတ္တကျော် ခေါ် ပြည်တန် ခေါ် ကိုဆူဒိုနင်။

သူ၏ အိမ်သာမှာ ဘဇာရနံ့မှ မရှိ၊ မွေးထုံကြိုင်သင်း ပြင်သစ်ရေမွှေးပုလင်းတစ်ထောင် သွန်ချထားသည့်နှယ်၊ ဂန္ဓမာဒနတောင်ထိပ်က မဥ္ဇူသက နတ်ပန်းခင်းထဲသို့ ရောက်သွား သည့်နှယ်ဟု ဆိုပါ၏။

အနို့ကြောင့် Three in one အိမ်သာဟု သူက တင်စားပါ၏။ ဟဝှာပြုနေရင်းနှင့် စာဖတ်၊ စာဖတ်ရင်းနှင့် ကော်ဖီသောက် မုန့်စား၊ သုံးမျိုးသုံးစား တစ်ပြိုင်နက်လုပ်နိုင်ချေရာ သူ့ဆီ၌ ကျွန်ုပ်၏ အန္တရာယ်ကို ရှင်းကြည့်စမ်းချင်ပါဘိ။

ဤတွင် အင်္ဂလန်အသင်း၏ နည်းပြဆရာကြီးဖြစ်ခဲ့ဖူးသော အဲရစ်ဆင်ကို ကျွန်ုပ် သတိရမိပြန်ပါ၏။ အဲရစ်ဆင်ကား ရီးဂျန့်ပန်းခြံနားဝယ် အိမ်တစ်လုံးဝယ်၍ထားရာ ပေါင် ၂.၆သန်းပေးခဲ့ရသောဟူ၏။ ၎င်းအိမ်၌ ထူးသည်မှာ အိမ်သာ။

ဟုတ်ကဲ့၊ မှန်လုံအိမ်သာ ဟူသတတ်။ လေးဖက်လေးတန် အကုန်မြင်နေရသည့် မှန်အကြည်တပ်ထားသည့်အိမ်သာ ဟူသတတ်။ လူရှိသော် ဟတ္တာမပြုတတ်သည့် သူတို့အဖို့ အန္တရာယ်ကို ဘယ့်နှာရှင်းရပါ။

တိုက်တိုက်ဆိုင်ဆိုင် ယခုရက်ထဲ၌ တောင်အာဖရိကဘောလုံးကွင်းကြီးအတွင်း အာဂျင်တီးနားအသင်းနှင့်အတူ မာရာဒိုနာကြီးကို တွေ့တွေ့နေရပေရာ သူကလည်း ပါတော်မူပုံ ခမ်းနားလွန်းပါပေ့။ သူက ၂၀၁၀ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကျင်းပနေရာ တောင်အာဖရိကသို့ သူ၏ရေအိမ်ကြီးကို သယ်ယူသွားလေသတဲ့ ဗျာတို့ရယ်။ သူက E-Bidet တံဆိပ်ကပ်နှိပ်ထားသော အိမ်သာထိုင်ခုံနဲ့မှ ဟတ္တာကိစ္စ ပြုတတ်လေသတဲ့။ ယင်း၎င်းအနှီထိုင်ခုံက အပူပေးထားသည့်အပြင် လေမှုတ်စက်နှင့်အခြောက်ခံစက်ပါ ပါတော်မူသည်ဖြစ်၍ ပါတော်မူသောအခါ အလွန်စိတ်ကြည်လင်သည်ဆိုပါ၏။ တန်ဖိုးသင့်ငွေမှာ ၄၅၀ဒေါ်လာ။ အနှီထိုင်ခုံအပြင် လက်ဆေးကြွေဇလုံဘေစင်၊ ရေဇလုံ၊ ရေတိုင်ကီ၊ ပိုက်ခေါင်းခလုတ်တို့ကိုပါ ၎င်းဘောလုံးသမားအကျော် မာရာဒိုနာက တောင်အာဖရိကသို့ဆောင်ယူသွားပါကြောင်း၊ စိတ်ဆန္ဒရှိသည်နှင့်အညီ ပါတော်မူပေရော့။ ထား။

ကျွန်ုပ် စိတ်ပျက်မိသည်က ကျွန်ုပ်တို့ဆီက ကိစ္စ။ တချို့တချို့သော ရေအိမ်တွေမှာက ပေါလောကြီးတွေခင်ဗျ။ တချို့တချို့သော ရေအိမ်တွေမှာကျပြန်တော့ အငွေ့တလူလူရယ်။ အနို့အပြင် တချို့မှာက အနံ့ဆိုး

တထောင်းထောင်း။ တချို့မှာက တစ်ဆို့ကာ ရေတွေလျှံလို့။ သည့်အပြင် တွေ့ပြန်ရဲ့။ ဟိုနား တစ်ပုံ သည်နား တစ်ပုံ။

ကျွန်ုပ်ကဖြင့် ရေအိမ်ထဲသို့ ဝင်ရလေတိုင်း 'လူသည် မိမိအညစ်အကြေးကို မိမိသန့်စင်ရန် တာဝန်ရှိသည်' ဟု ဆိုခဲ့သော မဟာတ္တမဂန္ဓီကြီး၏ မျက်နှာကိုသာ ပြေး၍ မြင်မိကြောင်းပါ သပ္ပုရိသအနွယ်ဝင် သူတော်စင်အပေါင်းတို့ငဲ့လေ။

မဟောသီ၊ ဩဂုတ်လ၊ ၂၀၁၀။

❑



မပြောကောင်း မဆိုကောင်း

# တူများ တူမများ၏ ခေါ်သံ

## (တစ်)

တစ်ကောင်ကြွက် တစ်မျက်နှာဟူသည့် စကားလုံးကို ကြားလိုက်ရသည့်အခါ အသင့်ရင်ထဲ၌ ဘယ့်နှာသို့ ခံစားလိုက်ရလေသနည်း။

ဟုတ်ကဲ့၊ ကျွန်ုပ်တို့ငယ်ငယ် ဟိုး အနှစ် သုံးလေးဆယ် ကာလများတုန်းဆီက အနှီ စကားသည် ဘက်ဆဲန့် (bad sense) ခေါ် မကောင်းသည့် အနက်ကို ဆောင်ချေ၏။ ဆွေမရှိ မျိုးမရှိ အသိုက်အဝန်းမရှိ အလကားပုဂ္ဂိုလ် ဟူသည့် အနက်အဓိပ္ပာယ်။

စာနဒီစာအုပ်တိုက်

အနို့ကြောင့် ထင်ပါရဲ့။ မွေးလိုက်သည့် ကလေးတွေ။ သုံးယောက်၊ လေးယောက်၊ ငါးယောက်၊ အချို့ကား တစ်ဒါဇင်ပင်လျှင် ကျော်ချင်ကြသေး။ ရတနာပုံမြို့တည် နန်းတည် ပဋ္ဌမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးဆိုလျှင် ကလေးအယောက် ၁၀၀ကျော်သော ဟူ၏။ ဗဒုံမင်းခေါ် ဘိုးတော်ဘုရားကတော့ရော၊ ရင်သွေးရတနာ အယောက် ၁၀၀ မကျော်သလော အဆွေ သပွတ်ူရိုသအနွယ်ဝင် သူတော်စင် စာရှုသူ။

ရခဲပေစွ လူ့ဘဝဟူသကဲ့သို့ ဒုလ္လဘတရားတစ်ခုအဖြစ် ခက်ခက်ခဲခဲ လူဖြစ်လာကြခြင်း ဖြစ်ချေရာ အနို့ရတနာ အတုံးအခဲတို့ များနိုင်သမျှ များများထွက်ခြင်းသည် မင်္ဂလာတစ်ပါးအဖြစ် ကျွန်ုပ်တို့ ယူဆခဲ့ကြချေသည် မဟုတ်တုံသလော။ အနို့ကြောင့် မွေးလည်းမွေး ကျွေးလည်းကျွေးခဲ့ကြပေသည်သာ။

## (နှစ်)

အနို့နှင့် ပစ္စက္ခကာလသို့ ရောက်သည်ရှိလေသော် မွေးမာတာတို့သည် ဘရိတ်ကို တအားဖိနင်းထားပစ်လိုက်ကြကုန်လေ၏။ လူဖြစ်လိုသူတို့ကား ပြုံတစ်ပြုံတစ်နှင့် နောက်ပြန်လှည့်သွားကြကုန်၏။

ဘယ့်နှာကြောင့်နည်း။ သားတစ်ပြုံ သမီးတစ်မတို့ကို ထူထောင်ဖို့ရာ အင်အားမရှိကြတော့၍ပေလော သို့တည်းမဟုတ် ရှိရှိသမျှနားဖာကလော်ကအစ အနို့သား အနို့သမီး တစ်ယောက်တည်းကသာ ပိုင်ဆိုင်ပါသည်ဟု ဝံ့ကြွားလို၍လော အတပ် မသိနိုင်ချေ။ ပသို့ဆိုစေ ကာလသည်ကား Only one ကာလ။ တစ်ဦးတည်းသောခေတ်။

အလျှုံမင်္ဂလာ ဖိတ်စာများပေါ်ဝယ် တစ်ဦးတည်းသောသား။ တစ်ဦးတည်းသောသမီးဟူသည်ကို ဂုဏ်ဒြပ်အဖြစ်ဖော်ပြနေခဲ့ကြချေပြီမဟုတ်တုံသလော။

တနဒီတအုဝ်တိုက်

(သုံး)

ကျွန်ုပ်တို့နိုင်ငံ၏ ခြံစည်းရိုး ဟိုမှာဘက်တွင် ဂန္ဓာလရာဇ်ပြည်ကြီး တည်ရှိ၏။

အကြင်နိုင်ငံ၌ One Child Policy ဟူသည်ကို ကျင့်သုံးခဲ့ဖူး၏။ ၁၉၇၈ မှ စတင်ကာ သုံးစွဲခဲ့ခြင်းဖြစ်ကြောင်းလည်း ကျွန်ုပ် မှတ်သားထားခဲ့ဖူးပါ၏။ မိသားစုတစ်ခု ရတနာအတုံးအခဲတစ်တုံး လမ်းစဉ်။ တရုတ်ပြည်၌ ယခု လူဦးရေ သန်း ၁၃၀၀ ရှိချေရာ One Child Policy သာ မကျင့်သုံးခဲ့မိသော် ယခု သန်း ၁၇၀၀ ရှိနေပေအံ့ဟူသတတ်။ သန်း ၄၀၀ ကို ဟန့်တားထားနိုင်ခဲ့ခြင်းမှာ ကံကောင်းပေစွ ဟူသတတ်။ ဩော် ရခဲပေစွ ဒုလ္လဘကို စုပြုံအုံခဲပြီး လာရောက်တိုးဝှေ့နေလိုက်ကြတာ။ ထား။

ယခု လူမှုပြဿနာ ဝင်ရောက်လာသည်က ဦးဦး၊ ဒေါ်ဒေါ် ကိစ္စ။ ဘာဘ၊ ကြီးကြီး ကိစ္စ။ ၂၀၃၀ပြည့် မတိုင်မီ တရုတ်ကလေးတို့ ဦးဦး၊ ဒေါ်ဒေါ်၊ ဘာဘ၊ ကြီးကြီး ခေါ်စရာ မရှိတော့ကြောင်း၊ မခေါ်တတ်တော့ကြောင်း ဟူလို။ ဟုတ်ပေစွ။

မိမိ၏ ဖခင်၊ မိခင်တို့၏ အစ်ကိုအား ဘာဘ၊ အစ်မအား ကြီးကြီး ခေါ်ကြသည် မဟုတ်တုံသလော။ ဖခင်၊ မိခင်၏ ညီ, မောင်အား ဦးဦး၊ ညီမအား ဒေါ်ဒေါ် ခေါ်သည် မဟုတ်တုံသလော။ ယခု One Child Policy ကြောင့် ဖေဖေနှင့်မေမေတို့၌ ညီအစ်ကို မောင်နှမ မရှိကြသည် ဖြစ်ဘိမူရာ ဘယ်နှာသို့ ဘာဘ ခေါ်စရာ ရှိပါအံ့။ ဘယ့်နှာသို့ ကြီးကြီးခေါ်စရာရှိပါအံ့။ ဦးဦး၊ ဒေါ်ဒေါ် အဘယ် သူတော်ကောင်းအား သွားခေါ်ကြရလေမတုံး အဖဘုရားသခင်။

ကမ္ဘာ့လူဦးရေသည်ကား ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း နုစဉ်နုပ်ချေးတွဲလောင်း ဘဝက သန်း ၃၀၀၀ ဟူ၏။ အနှီနောက် ကျွန်ုပ်တို့ အိမ်ရှေ့

မင်းသားအရွယ် မရှိတရှိတွင် သန်း ၄၀၀၀။ ယခုမူ သန်း ၆၀၀၀ ဟု ဆိုပါ၏။ နောင်သော်...

ကျွန်ုပ် မစဉ်းစားရဲ။ အနို့ဖြစ်ရာ နောင်အနာဂတ်ကာလ၌ ဒုလ္လဘ တို့ တစ်ဟုန်ထိုး ဖောင်းပွလာစရာ အကြောင်းရှိလေရာ One Child Policy ကို ကမ္ဘာနှင့်အဝန်း မကျင့်သုံးဘူးဟု မည်သူပြောနိုင်ပါအံ့နည်း။

အနို့ဖြစ်ဘိမူရာ ကျွန်ုပ်တို့သည် ခေတ်ကာလကောင်းကြီးထဲ လူဖြစ်လာကြစဉ်အခိုက် ဆွေတော်မျိုးတော်တို့အား အားရအောင် ခေါ်ထားကြပါအံ့။

အို-ဘယ့်ဘယ်...ဘဘခင်ဗျား
အို-ဘယ့်ဘယ်..ကြီးကြီးရှင့်
အို-ဘယ့်ဘယ်..ဦးဦးခင်ဗျား
အို-ဘယ့်ဘယ်...ဒေါ်ဒေါ်ရှင့် ဟူလို။

source : Ap, Times
Reuters
Xinhua

မြူးတီး၊ အောက်တိုဘာလ၊ ၂၀၀၉။

❑

(တစ်)

ကျွန်ုပ်တို့ မြန်မာအမျိုးကောင်းသားတို့သည် မည်သည့်အချိန်အခါ၌ လက်ထပ်မင်္ဂလာအမှုကို ပြုကြသနည်း။

ဟုတ်ကဲ့၊ ဗိဿနိုးနတ်မင်းကြီး အိပ်ပျော်နေရာမှ နိုးထလာချေသောအခါ လက်ထပ်မင်္ဂလာအမှု ပြုကြချေသပေါ့ဗျာ။

မပြောကောင်း မဆိုကောင်း

**နတ်မင်းဗိဿနိုး အိပ်ရာက နိုးလေသော်**



တနဒီတာအုပ်တိုက်

မဇ္ဈိမဒေသ ခေါ် အိန္ဒိယဒေသထွက် ရာဇမတ္တဏ်ကျမ်းဘုတ်အုပ်ကြီး တစ်နေရာ၌ ဗိဿနိုးနတ်မင်းကြီး အိပ်ပုံအိပ်နည်းကို ဖော်ပြထားခဲ့လေသဗျ။ ဗိဿနိုးနတ်မင်းကြီးသည် ဝါဆိုလဆန်း ၁၂ ရက်နေ့တွင် စတင်၍ အိပ်သည် ဟူသတတ်။ အနို့နောက် နှစ်လတိတိကြာညောင်းချိန်ဖြစ်သော တော်သလင်းလဆန်း ၁၂ ရက်နေ့တွင်မူ စဉ်းငယ်ခန့် လွန့်သည်ဟူ၏။ လက်ယာနံတောင်းမှ လက်ဝဲနံတောင်းသို့ပြောင်း၍ အိပ်ရန် လွန့်လိုက်လူးလိုက်ခြင်းဟု ဆိုပါ၏။ သို့ဖြင့် ဆက်၍ဆက်ကာ နှစ်လတိတိအိပ်ပြီးလေသော တန်ဆောင်မုန်းလဆန်း ၁၂ ရက်သို့ ရောက်လေသောအခါ အနို ဗိဿနိုးနတ်မင်းကြီး နိုးလေသောဟူ၏။

သို့ဖြစ်ရာ ဝါဆိုလဆန်း ၁၂ ရက်မှ တန်ဆောင်မုန်းလဆန်း ၁၂ ရက်အထိ လေးလတိတိသော အချိန်အခါသည် ဗိဿနိုးနတ်မင်းကြီး အိပ်ပျော်နေခိုက်ဖြစ်ဘိမူ၍ ထိမ်းမြားလက်ထပ်သမှု မပြုရပါကြောင်းဟူလို။

## (နှစ်)

နည်းပညာခေတ်ကြီးသို့ ရောက်လေသောအခါ ကျွန်ုပ်တို့သည် ဗိဿနိုးနတ်မင်းကြီး အိပ်နေတာတွေ အိပ်မနေတာတွေကို ဂရုပြု အမှုမထားနိုင်ကြပါလေတော့။ မဆာလည်းစား ဆာလည်းစား၊ သွားသုတ်သုတ် လာသုတ်သုတ်ဟူသလို အဆင်ပြေမည့်အခါနှင့် အဆင်ပြေမည့်နေရာကို ရွေးကာ မင်္ဂလာအမှု ပြုလာကြရပါ၏။ မောင်နှင့်မယ်တို့ လက်ထပ်ခြင်းသည် အာဝါဟ ဝိဝါဟမင်္ဂလာမည်ကြောင်း မင်္ဂလာ ၁၂ ပါး၌ ဖော်ပြထားသည် မဟုတ်ချေတုံသလော။

ဤ၌ ငယ်ရွယ်နုနယ်လွန်းသူတို့ စောစောစီးစီး အာဝါဟ ဝိဝါဟ သဘင် ဆင်နွှဲလာကြသည်ကို မြင်သောအခါ ကျွန်ုပ် တုန်လှုပ်မိ၏။

ကောသလမင်း၏တစ်ဆယ့်ခြောက်ချက်သော အိပ်မက်များထဲ၌ တစ်ခုမှာ ဒန့်ကျွဲပင်၌ ပုခက်ဆင်ကြရလတ္တံ့ဟူလို။

စာနဒီတအုပ်တိုက်

ဒန့်ကျွဲပင် ဟူသည်ကား မုန်လာအပင်ပေါက်ကလေးများလောက်သာ အရွယ်ရှိကြချေရာ အနီအပင်၌ ပုခက်ဆင်ရသည် ဆိုကတည်းက အရွယ်မတိုင်မီ လင်ယူသားမွေးကိစ္စ လုပ်လာကြပေအံ့ ဟူသည်ကို အနီအိပ်မက်က နိမိတ်ဖတ်ခြင်း ဖြစ်ပါ၏။

မြေကမကြွ၊ ငယ်ကသစ်ပင်
ဖူးငုံရင့်ပြီး၊ ပွင့်သီးတွေမြင်
အရွယ်မမျှ၊ ပျိုမ-မယ်ခင်
သမီးသား၊ လင်ထားအိမ်ထောင်ချင်။

ဤကား ဆရာကြီး ဦးသုခ၏ သုခမှတ်စုဘုတ်အုပ်တစ်နေရာတွင် ဖော်ပြထားသည့် ကောသလမင်းအိပ်မက် ၁၆ ခုအနက် စောစီးစွာ အိမ်ထောင်မှုပြုခြင်းဆိုင်ရာ ရှစ်လုံးဘွဲ့ လင်္ကာကလေးပေတည်း။

ဩော်... ဗိသနီးနတ်မင်း အစောကြီး နိုးနေခဲ့လေသည်ထင့်။

(သုံး)

အာရေးဗီးယား ပင်လယ်ထဲကနေ ပင်လယ်နီအတွင်းသို့ ကွေ့ဝင်ခါနီး အဒန်ပင်လယ်ကွေ့နားက ယီမင် ဆိုသည့် အာရပ်နိုင်ငံကလေးတစ်နိုင်ငံက စောစီးစွာ အာဝါဟ ဝိဝါဟပြုခဲ့သည့် သတင်းကလေးတစ်ပုဒ် အခုရက်ထဲ ကျွန်ုပ်ရင်ကို ထိမှန်ခဲ့ချေသဗျာ။

အနီ ယီမင်နိုင်ငံသူကလေး၏ အမည်မှာ Fawziya Abdullah Youssef ဟူသတတ်။ ထိုမိန်းကလး လက်ထပ်မင်္ဂလာပြုစဉ်က အသက် (၁၁)နှစ်အရွယ်ဟု ဆိုချေရာ (၅)တန်းကျောင်းသူ အရွယ်ကလေးပေပ။ ဖခင်ဖြစ်သူက ဆင်းရဲလှသည့် လယ်သမားတစ်ဦးဖြစ်ချေရာ သမီးကလေးကို အိမ်ထောင်ပြုပေးခဲ့လေသတဲ့။ ထိုကလေးထက် အသက် ၂၄နှစ်ကြီးသော ဆော်ဒီအာရေဗျက လယ်သမားတစ်ဦးနှင့် လက်ထပ်ပေးလေသတဲ့။ ယီမင်

ကား အာရပ်ကမ္ဘာ၌ အလွန် ဆင်းရဲလှချေရာ ၁၅နှစ် မပြည့်မီ အာဝါဟ ဝိဝါဟသဘင် ဆင်ပေးလေ့ရှိကြသောဟူ၏။ ထား။

အနို့နှင့် ယီမင်နိုင်ငံသူကလေးသည် အသက် ၁၂နှစ်အရွယ်၌ ကိုယ်ဝန်ရှိလာခဲ့ချေပြီ။ မွေးဖွားရန်အလို့ငှာ ယီမင်နိုင်ငံ၏မြို့တော် Sana နှင့် မိုင် ၁၄၀ခန့်အကွာက Hodeida ပြည်နယ်ဆေးရုံသို့ တက်ခဲ့ရချေပြီ။ သွေးထွက်လွန်သောရောဂါနှင့် သူခမျာ အနိစ္စရောက်ခဲ့ရရှာကြောင်း သပ္ပုရိသအနွယ်ဝင် သူတော်စင်အပေါင်းတို့ငဲ့လေ။

ကောသလမင်းကြီး၏ အိပ်မက်ပေါင်း ၁၆ ခု၌ နောင်အနာဂတ်ဝယ် ဒန့်ကျဲပင်၌ ပုခက်ဆင်ကြလတ္တံ့ ဟူသော အဖြစ်မျိုးသည် အမှန်တကယ်များ ဖြစ်လာခဲ့ချေပြီလော မပြောတတ်။ အာရပ်ကမ္ဘာ၌ အနို့လို ပိစိကွေးကလေးတို့ကို လင်သားယူကြကုန်လော့၊ အိမ်ရာထူထောင်ကြကုန်လော့၊ အာဝါဟ ဝိဝါဟသဘင်ဆင်ယင်ကြကုန်လော့ဟု တွန်းလွှတ်နေကြကုန်သည်မှာ ဆင်းရဲမွဲတေခြင်း၏ လက္ခဏာတစ်ရပ်ပင်။

ဗိသနိုးနတ်မင်းကြီးကလည်း သူအိပ်ပျော်နေခိုက်တွင် အာဝါဟ ဝိဝါဟသဘင် မဆင်နွှဲကြနှင့်ဟုသာ တားမြစ်ထား၏။ သူနိုးထလာ၍ ဆင်နွှဲသည်ရှိသော် မည်သည့် အသက်အရွယ်၊ မည်သည့် အနေအထားရောက်မှ ထိမ်းမြားကြလော့ဟု ကန့်သတ်မထား။ သည်တော့ ဖန်းကလေးတို့ ပွင့်မည်ကြံရုံရှိသေး ချူးဆွတ်ရောင်းလိုက်ကြကပြီ။

ဗိသနိုးနတ်မင်းကြီးက မွေးစာရင်းတွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီး သည့်သကာလ အသက်ပြည့်မှ အာဝါဟ ဝိဝါဟပြုရမယ်ဆိုပြီး လက်ထပ်စာချုပ်တွေပေါ်မှာ သူကိုယ်တိုင် လက်မှတ်ထိုးပေးသည့် တာဝန်ကို ယူထားရင် ကောင်းမှာပေပဟု ကျွန်ုပ်စိတ်ထဲ အောက်မေ့မိပါကြောင်းဟူလို။

Source : Ap မြူးတီး၊ နိုဝင်ဘာလ၊ ၂၀၁၀။

❑

(တစ်)

ဤမှာဘက် နှစ်ပိုင်းများသည်ကား ရောသမမွေ နှစ်ပိုင်းများပင် ဖြစ်ဘိတော့ချေသည်တကားဟုသာ ကျွန်ုပ်က ကမ္ပည်းမော်ကွန်းတင် ရေးထိုးလိုက်ချင်ပါဘိချေသည် တမုံ့။

မှန်၏။ အဆိုတော် သားစိုးသည်ကား သူ၏ ရောသမမွေအယ်လ်ဘမ်ဖြင့် လောကပါလ သာသနာ စောင့်နတ်တို့ စောင့်ကြပ်သည်ဖြစ်၍ အထူးမွေ့လျော်ဖွယ်ကောင်းလှသော ကျွန်ုပ်တို့၏ မွေးရပ်ဌာနေကို တစ်ခါတည်း ရောသမမွေပစ်ခဲ့ပါ၏။ ဤကား ဂီတဖြင့် ရောကာ သမကာ မွှေပစ်ခဲ့ခြင်းပင်။

မပြောကောင်း မဆိုကောင်း

## ရောမွှေကာ သမလိုက်ပြန်တော့



တနဒီတအုဝ်တိုက်

အနီးအပြင် ကမ္ဘာ့နေရာအနှံ့အပြား၌ စားမှု သောက်မှု နေမှု ထိုင်မှု အထွေထွေ အလီလီသော ကိစ္စရပ်များ၌လည်း လူတို့သည် ရောသမကာ မွှေနေကြကုန်ပါ၏။

သပ္ပုရိသအနွယ်ဝင် သူတော်စင် စာဖတ်သူတို့ သိတော်မူကြသည့် အတိုင်း ကျွန်ုပ်တို့သည် လက်ဖက်ကို ဆိုးဆေးများနှင့် ရောသမမွှေခဲ့ကြပါ၏။ အနီးနောက် ငါးပိ၊ အနီးနောက် ငရုတ်သီးမှုန့်၊ အနီးနောက် အဖျော်ယမကာပုလင်းမျိုးစုံ အဖုံဖုံတို့ကို ဆိုးဆေးမျိုးစုံနှင့် ရောသမမွှေခဲ့ကြသည် မဟုတ်တုံသလော။

ဤ၌ ကမ္ဘာကျော် ရောသမမွှေဇာတ်လမ်းမှာကား စိနရှေ့ ခေါ် ဂန္ဓာလရာဇ် ခေါ် နဂါးကြီး ခေါ် တရုတ်ပြည်၌ ဖြစ်ထွန်း၏။ နို့မှုန့်ထဲတွင် မယ်လမင်းရောခဲ့သည့် ဇာတ်လမ်းပေတည့်။

## (နှစ်)

လွန်လေပြီးသော နှစ်ပိုင်းကလေးများဆီက နို့မှုန့်ထဲတွင် မယ်လမင်း ရောသည့်အတွက် တရုတ်ပြည်ဖြစ် နို့နှင့်နို့ထွက်ပစ္စည်းများကို ပြန်လည် သိမ်းယူသည့်သတင်း၊ ဝိသမလောဘသား ကုမ္ပဏီများကို အရေးယူသည့် သတင်းများကို အကျွန်ုပ်တို့ ကြားသိပြီး ဖြစ်ပါ၏။

ဟော ယခု ပြင်းထန်သည့် အရေးယူမှု သတင်းတစ်ရပ်ကို ဆင်ဟွာ (Xinhua)သတင်းမှတစ်ဆင့် ကျွန်ုပ်တို့ ကြားသိခဲ့ရချေကပြီ။ ဆန်းလု နို့ထွက်ပစ္စည်းကုမ္ပဏီက တာဝန်ရှိပုဂ္ဂိုလ် နှစ်ဦးဖြစ်သော ဂျန်ဂျီပင်းနှင့် ဇန်ယူဂျင်းတို့အား သေဒဏ်ချမှတ်ခဲ့ပြီ ဟူသတတ်။

အနှီ ပုဂ္ဂိုလ်နှစ်ဦးတို့သည်ကား ၂၀၀၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း မယ်လမင်းဓာတ်ပါဝင်သည့်နို့မှုန့်တန်ပေါင်း ၇၇၀ ထုတ်လုပ်ခဲ့သည်ဟူလို။ မယ်လမင်းဟူသည် ပလတ်စတစ်ထုတ်လုပ်ရာ၌ ပါဝင်သည့် ဓာတုပစ္စည်း

ဟူလို။ ယင်းငှင်းမယ်လမင်းမှုန့်များဖြင့် ရောနှောထုတ်လုပ်ခြင်းဖြင့် ကုန်ကျစရိတ် အထူးသက်သာကြောင်းဟူလို။

အနို့သော် သောက်သုံးသူ ကလေးများ ဆီးလမ်းကြောင်းနှင့် ပတ်သက်သည့် ရောဂါများ ခံစားရကြောင်းဟူလို။ အနို့ကြောင့် ကုမ္ပဏီကို ဖျက်သိမ်းကာ တာဝန်ရှိသူနှစ်ဦးအား သေဒဏ်ချမှတ်ရကြောင်းဟူလို။

အနို့ကလို သတင်းကို ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း၏ မိတ်ဆွေများအား ဖောက်သည်ချလိုက်မိလေသောအခါ ဟာ ဟင် ဖြစ်ကာ ဒေါသအမျက်ဖြင့် စောဒကတက်လာကြသည် ဟူသတတ်။

## (သုံး)

ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း၏ မိတ်ဆွေအတော်များများသည် ရောသမမွှေလုပ်ငန်းရှင်ကြီးများ ဖြစ်ပါ၏။

တစ်ယောက်ကား ဆန်အိတ်များအတွင်းသို့ ကျောက်စရစ်ခဲ အဖြူကလေးများကို တစ်အိတ်လျှင် တစ်ပြည်စ နှစ်ပြည်စ ရောထည့်ခြင်းဖြင့် စီးပွားတက်သွားခဲ့သူ ဖြစ်ပါ၏။ အဆွေ ထမင်းစားခိုက် ဂွျိခနဲ ဝါးလိုက်မိသောအရာမှာ ကျွန်ုပ်မိတ်ဆွေ၏ လက်ရာ ဖြစ်ပါ၏။

စကားမစပ် အဆွေ လက်ဖက်သုပ်ကို စားလေသလော မဆိုနိုင်။ အကယ်တန္တု စားတတ်ခဲ့ပါက နှမ်းကို ဝါးလိုက်စဉ် ကျွလွိ ကျွလွိကလေးများကို ဝါးမိလေသလော မဆိုနိုင်။ အနှီသည်လည်း ကျွန်ုပ်ချစ်မိတ်ဆွေ တစ်ဦး၏ စီးပွားရေးလုပ်ငန်းပင် ဖြစ်ပါ၏။ သူကား နှမ်းအိတ်ထဲသို့ ထည့်မည့် ကျောက်စရစ်ခဲအမည်း သေးသွယ်သွယ်ကလေးများကို ခက်ခက်ခဲခဲ ရှာဖွေစုဆောင်းတတ်သူပင်။

နောက်ထပ် မိတ်ဆွေတစ်ဦးက ခေါင်းထဲ၌ ပေါ်လာဘိပြန်ချေသည်။ အုတ်နီခဲကို အမှုန့်ဖြစ်အောင် ထောင်းကာ သွေးဆေးနှင့် ရောသမမွှေသော


စွန့်ဦးတီထွင်လုပ်ငန်းရှင် ဂျက်မိတ်ဆွေ။ သူက စနစ်ရှိသူ။ မည်သို့သော အခါကာလတွင်မျှ စည်းမဲ့ကမ်းမဲ့မလုပ်။ စိတ်ထင်တိုင်း ရောသမ မမွှေ။ သွေးဆေးနှစ်ထုပ်ကို အုတ်နီခဲမှုန့် ရောအပြီး သုံးထုပ်။ သည့်ထက်မပို။ စနစ်သမား။ ထားတော့။

သို့ကလို ထိုလိုသော ရောသမမွှေ ကျွန်ုပ်၏ချစ်မိတ်ဆွေတို့ကို ကျွန်ုပ်က နို့မှုန့်ထဲ မယ်လမင်းရောသည့်အတွက် ပြင်းထန်စွာဖြင့် သေဒဏ်ပေးလိုက်ကြောင်း ဘာကြောင်း သတင်းလက်ဆင့်ကမ်းသမှု ပြုလုပ်ချေသောအခါ သူတို့က အံ့သြတကြီး ဖြစ်သွားကြကုန်ပါ၏။ ကုမ္ပဏီထောင်ကာ ရောသမမွှေသည်အထိ လုပ်ဆောင်ခြင်းမှာကား လောဘကြီးလွန်းရာ မကျသလောဟု စေ့ငုပါ၏။ မှန်ပေစွ။

ကျွန်ုပ် မိတ်ဆွေတို့မှာမူကား တစ်ပိုင်တစ်နိုင် မိသားစုစတိုင်လ် ရောသမမွှေသူများသာလျှင် ဖြစ်ဘိတုံ့ပါပေသည် တမုံ့တကား။

ဖြူးတီး၊ ဇန်နဝါရီလ၊ ၂၀၁၀။

❑



မပြောကောင်း မဆိုကောင်း

# နွားသိုးနဲ့ မိုး

## (တစ်)

နွားသိုးနဲ့မိုး အစိုးမရဆိုလား။ ကျွန်ုပ်တို့ ငယ်စဉ်က သို့ကလို ကြားသိခဲ့ရဖူးပါ၏။ နွားသိုး ဆိုသည်မျိုးက အခု သခင့်အမိန့် နာခံပေမင့် တော်ကြာနေ ဗွေဖောက်ကာ ဓေ့ချင်ဓေ့ ကန်ချင်ကန်တတ် သည့်အမျိုး။ အနို့ကလို ဓေ့နေကန်နေရာက တော်ကြာနေ ခွေး လိမ္မာကလေးလို ငြိမ်သက်ချင် ငြိမ်သက်သွားတတ်ပြန်ပါကရော။

စာနဒီစာအုပ်တိုက်

မိုးဆိုသည်မျိုးကလည်း ထို့နည်းငင်းပေတည့်။ အခုပင် မိုးကောင်းကင်ကြီးက ကြည်ကြည်လင်လင် ဝင်းဝင်းပပ။ ဟော အခုချက်ချင်း ဝုန်းဒိုင်းဖုန်းဂွမ်း မိုးမှောင်ကျကာ ရွာသွန်းချချင် ရွာသွန်းချတတ်သည့်အမျိုး။ အနို့ကလို သို့ကလို မရေရာ မသေချာသည့် ကိစ္စများ ဖြစ်ဘိတစ်မူ၍ နွားသိုးနဲ့မိုး အစိုးမရဟူသည့် ဆိုရိုးစကားတစ်ရပ် ရှေးအတီတေက ချမှတ်ခဲ့ကြပုံရကြပါပေသည် ဟူသတတ်။

## (နှစ်)

မိုး ဘယ်နှမျိုးရှိသလဲဟု ကျွန်ုပ်အား မေးခွန်းထုတ်လာကြပါအံ့။ မိုးလေဝသနှင့် ဇလဗေဒပညာရှင် မဟုတ်ချေသော ကျွန်ုပ်က ဘယ့်နှာလုပ်ဖြေဆိုခြင်းငှာတတ်စွမ်းမတုံး အရပ်ကတို့ငဲ့လေ။

မိုးရွာတာ ကောင်းသလား၊ ဆိုးသလား။ အဲသဟာကလည်း ခံစားသူအကြိုက်ပေပဟူလို။

အနို့ဖြင့် တိတ်နေသောမိုးကို ရွာလော့၊ ရွာနေသောမိုးကို တိတ်လော့စသည်ဖြင့် အမိန့်ပေး စေခိုင်းလို့ရော ရကောင်းပါလေစ။ ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း ဉာဏ်မမီတော့ပါလေပြီ သပ္ပုရိသအနွယ်ဝင် သူတော်စင်အပေါင်းတို့ ဟူတကား။

ကျွန်ုပ်တို့ငယ်စဉ်က ပေါက္ခရဝဿမိုး ဟူသည်ကို လူကြီးတွေနှုတ်ဖျားကတစ်ဆင့်ကြားဖူး၏။ စိုစွတ်လိုစိတ်ရှိသော သူတို့ကိုသာ စိုစွတ်စေ၍ စိုစွတ်ရန်အလို့ငှာ ဆန္ဒမရှိသော သူတို့ကို ဘယ့်နှာမှ မစိုစွတ်စေသောမိုး ဟူသည်တကား။ ကောင်းလိုက်တဲ့မိုးဟူ၍ ကျွန်ုပ်တို့ တောင့်တမိခဲ့သည်ကား ဧကန်မုချပင်။ ထူးပေဆန်းပေစွ။

ဂေါတမဘုရားရှင်လက်ထက်ဆီကမူ အာဠာဝကဘီလူးသည် သူ၏ဗိမာန်အတွင်း၌ စံမြန်းနေသော ဘုရားရှင်အပေါ် မိုးအမျိုးမျိုး ရွာချစေခဲ့

ဖူးပါ၏။ ရေယဉ်မိုး၊ ဓားမိုး၊ လုံမိုး၊ ကျောက်ခဲမိုး၊ ပြာပူမိုး၊ သလဲမိုး စသည်စသည်။ အဘယ်ကဲ့သို့သော မိုးတွေပါလိမ့် အရပ်ကတို့ငဲ့လေ။

ဟော...ယခု ပစ္စက္ခမျက်မှောက်ကာလ၌မူ အက်စစ်မိုးဟူသည်ကြီး ကို ကျွန်ုပ်ကြားသိလိုက်ရချေရာ တွန့်သွား၏။ အက်စစ်မိုးဆိုတော့ ချဉ်ပေ မပေ့။ ဆာလဖာဒိုင်အောက်ဆိုဒ်နှင့် နိုက်ထရိုဂျင်အောက်ဆိုဒ်တို့ ပြွမ်းနေ သည့်မိုးဟူသတတ်။ အမေရိကန်၊ ကနေဒါ၊ ဆွီဒင်၊ ဂျာမနီ၊ တရုတ်ပြည် တို့၌ ရွာချတတ်လေသတတ်။ အဆိပ်ခိုး အမျိုးမျိုးကြောင့် ရွာသွန်းလေ သည့် အနီ အက်စစ်မိုးကိုဖြင့် ကျွန်ုပ် မုန်းမိကြောင်းပါ စာရှုသူ အဆွေ သူတော်စင်။

ပသို့ ဆိုစေပေ့။ မိုးဟူသည် တောင့်တသူကလည်းရှိ၊ ကြောင့်ကြ သူကလည်းရှိ ဆန္ဒအထွေထွေတို့ ကွဲပြားလျက်ရှိကြဘိတတ်ချေရာ ရွာစေ လို၍ တိတ်စေလို၍ ကြိုးပမ်းကြသည်များကလည်း ထွေထွေရာရာပါပေ တမုံ့။

ဟိုးတစ်ခါက ထိုင်းနိုင်ငံဘက်ဆီဝယ် မိုးခေါ်သော သတင်း တစ်ရပ်ကို ကြားမိဖူးပါ၏။ သူတို့ကား မိုးတိမ်အတုများကို ဖန်တီးကာ ရွာသွန်းချစေခဲ့ကြောင်း အနီသတင်းက ဆက်၍ဆိုရာ ဂျက်ကွမ်းခြံကုန်း အားမလိုအားမရ ဖြစ်သွား၏။ လွန်ဆွဲပါတော့လား အဆွေတို့ရယ်။ နာနာ လေး ဖိဆွဲလိုက်ချေပေ့။ အာဖရိကတို့၊ လက်တင်အမေရိကတို့ကို သည် နည်းကလေး ဂျက်က လက်ဆင့်ကမ်းချင်သမင့်ဟာ။ ရွှဲရွှဲတောင် စိုသွား လိမ့်ဦး။ မိုးကိုလိုသော် ဂျက်တို့ လွန်ဆွဲကြပေ့ဟာ။

ဤ၌ စကားလက်စနှင့်ဟုဆိုသလို ရွာမည့်မိုးကို တိတ်လော့ဟု စေသောသတင်းကလေးကို လက်ဆင့်ကမ်းချင်မိပြန်သဗျ။ ဂန္ဓာလရာဇ် ခေါ် တရုတ်ပြည်ကြီးဆီက သတင်းပေတကား။

တနင်္ဂနွေ ဘွဲ့ကျ

ဥက္ကဋ္ဌကြီးမော်ကား ၁၉၄၉ အောက်တိုဘာလ ၁ ဝယ် တရုတ်ပြည်ကို ကွန်မြူနစ်နိုင်ငံအဖြစ် ကြေညာခဲ့ချေ၏။ အနို့ဖြစ်ချေရာ ၂၀၀၉ အောက်တိုဘာလ ၁ သည် တရုတ်ကွန်မြူနစ်ပါတီ အနှစ် ၆၀ ပြည့်သောနှစ်ဖြစ်၏။ သို့ကြောင့် အနှီပွဲကို ပေကျင်းရှိ တီယန်မင်ရင်ပြင်၌ ဝှဲချီးကျင်းပရန် စီစဥ်ခဲ့ရာ မိုးကိုမူ ကြောက်၏။

သို့နှင့် မိုးကို အန်တုရန် စီစဥ်ခဲ့ကြလေ၏။ လေယာဉ် ၁၈ စင်းက မိုးတိမ်များ ရှောင်ဖယ်သွားရန် အလို့ငှာ ဓာတုဗေဒပစ္စည်းများဖြင့် ကြဲချလေတော့သည်ဟူသတတ်။ အနို့အပြင် အခြားသော လေယာဉ် ၄၈ စင်းကလည်း မြို့တော်ပေကျင်း၏ဝန်းကျင် လေဆိပ်များဆီ၌အဆင်သင့် ရယ်ဒီဆိုသလို စောင့်ဆိုင်း၍ နေခဲ့ကြကာ မိုးတိမ်များတက်လာသည်နှင့် ချေဖျက်ရန် ဆေးများနှင့် အဆင်သင့်။ ယင်း ၎င်းအနှီအစီအစဉ်ကို ဦးဆောင်သူက လေတပ်မိုးလေဝသပညာရှင်ကျူလင်ကင်း။ မှတ်ပေတော့။

အဲသမှာ ရိုးရာနည်းကလေးတွေ ကျွန်ုပ် လက်ဆင့်ကမ်းချင်လာပြန်ပါလေရော။ ရှင်ဥပဂုတ်ပွဲကလေး တင်လိုက်သော် အကုန်အကျမသက်သာပါကလား အဆွေသူတော်ကောင်းတို့ငဲ့လေ။ ကျွန်ုပ်တို့အနေနှင့်မူ ပွဲလမ်းသဘင်ကလေးပဲရှိရှိ၊ အလှူမင်္ဂလာ သာရေး၊ နာရေး အခမ်းအနားတွေပဲရှိရှိ ဝှဲချီးဝှဲချီး မိုးမရွာရန်အလို့ငှာ ရှင်ဥပဂုတ်ပွဲကလေး တင်ထားလိုက်တာပေပဇျာ။ ဘဇာနည်းပညာမျှ မလိုပေါင်။

လူဝင်လူထွက်များပြားစေချင်သည်ဆိုတော့လည်း ညှော်လာဂမုန်းလေး ဘာလေး စိုက်ကြတာပေါ့။ မီးအန္တရာယ် ရန်စွယ်ကို ကြောက်ရွံ့တော့လည်း မီးကွင်းဂမုန်းကလေး ဘာကလေး စိုက်ကြချေတာပေါ့။ ရောင်းပန်းဝယ်ပန်းကလေး ပွင့်လန်းဝေဆာချင်တော့လည်း စီးပွားဂမုန်းကလေး ဘာကလေးစိုက်ကြချေတာပေါ့။

တနဒီတအုဝ်တိုက်

ဂျက်၏ တူကလေးများ၊ တူမကလေးများ ဆိုရင်ဖြင့်လည်း ဉာဏ် ကောင်းလိုက်ကြတာ၊ ကြာသပတေးနေ့မှာ ကျောင်းသွားအပ်ကြဆိုမို့လား။

အဲလဘက်အိုင်စတိုင်းတို့၊ အိုင်ဇက်နယူတန်တို့၊ သောမတ်အက်ဒီ ဆင်တို့၊ ဘာထရန်ရပ်ဆယ်တို့ ဂျက်စိတ်ကြိုက် ရိုးရာနည်းကလေးများ သိမသွားကြရှာတာ လူဖြစ်ရှုံးလှချေရဲ့ ဗျာရယ်။

မြူးတီး၊ ဖေဖဝါရီလ၊ ၂၀၁၀။

❑

(တစ်)

ကျွန်ုပ်ဆရာကြီး ဂျက်ကွမ်းခြံကုန်းတို့၏ မိရိုးဖလာ ရိုးရာဂန္ထဝင် ဟိုးရှေးရှေးတုန်းဆီက ဘုတ်အုပ်ကြီး တွေထဲမှာ ဖတ်ဖူးခဲ့သည်ကဖြင့် သားသမီးရတနာ အစိုင်အခဲတို့ကို လိုသည်ရှိသော် ညောင်ပင်ကြီးတစ်ပင် ပင်ရှိ ရက္ခစိုးနတ်မင်းထံသို့ သွားပြီးသည့်သကာလ သားဆုပန်ကြပါကြောင်း ဟူလို။

မပြောကောင်း မဆိုကောင်း

## လူဖြစ်ဖို့အတွက် လွယ်သောနေရာ



တနဒီတာအုပ်တိုက်

ယခုခေတ်တွင်ကား သားသမီး ရရာရကြောင်း အလို့ငှာ ခေတ်မီနည်းပညာတို့ကို ကျင့်သုံးလာကြပါလေ၏။ မေမေက ကိုယ်ဝန်မဆောင်နိုင်သော် ဖေဖေ၏ ဖိုမျိုးစေ့နှင့် မေမေ ၏ မမျိုးဥတို့ကို ပြင်ပ၌ သန္ဓေအောင်စေကာ အငှားကိုယ်ဝန်ဆောင်မည့် မိန်းမ၏ သားအိမ်ထဲသို့ ထည့်သွင်းပေးခြင်းဖြင့် သားသမီးအစိုင်အခဲကို ရနိုင်သည်ဟူသတတ်။ သူများဗိုက်ထဲမှာ သွားထည့်ထားရသည့် မိမိတို့၏သား။ ကိုယ်ဝန်အငှားလုပ်ငန်း ဌာန ဟူသတည်း။

အန္တိအပြင် မိခင်က ဘဇာသို့မှ ကလေးမရနိုင်သူဆိုပါစို့။ ကိုယ်ဝန်တော့ ဆောင်နိုင်သည် ဆိုပါစို့။ ဤ၌ မိမိခင်ပွန်း၏ ဖိုမျိုးစေ့ကို အခြားတစ်ပါးသော အမျိုးကောင်းသမီး တစ်ဦးဦး၏ မမျိုးဥနှင့် အပြင်၌ သန္ဓေအောင်စေကာ မိမိဗိုက်ထဲသို့ ပြန်ထည့်ပြီးသည့်သကာလ မိမိရင်သွေးလုပ်ယူနိုင်သောနည်းတို့လည်း ပေါ်ထွန်းခဲ့ပြီ ဖြစ်ပါ၏။

Ooplasmic Transfer ခေါ် သန္ဓေ ဟိုပြောင်း သည်ပြောင်းလုပ်ငန်းသည်လည်း သားသမီးရတနာ ရနိုင်စရာလုပ်ငန်းတစ်ခုပါပေ တမုံ့တကား။

## (နှစ်)

အန္တိကလို ပူတူတူးလေးတို့ကို လိုချင်သောကြောင့် အမျိုးမျိုးကြံကြံဖန်ကြ ရှိကြဘိသကဲ့သို့ ကလေးမယူလိုသူများကြောင့်လည်း ကမ္ဘာကြီးမှာ အသက်ရှုကျပ်လျက် ရှိပါ၏။

ဂျာမန်လင်မယားတို့သည် ၃၀ ရာခိုင်နှုန်းက ကလေးမယူကြဟူသတတ်။ အန္တိဖြစ်ဘိမူ၍ ဂျာမန်လူဦးရေကျဆင်းလာသည် ဟူသတတ်။ ယခု ၇၅သန်းရှိသော လူဦးရေသည် ၂၀၅၀ ၌ သန်း ၅၀ သို့ ကျဆင်းသွားမည် ဟူသတတ်။ ဂျာမန်မတွေ ကလေးယူကြကုန်လော့။ အလုပ်မဆင်းကြနဲ့။ ၁ နှစ်တိတိ လစာအပြည့်ပေးထားပါအံ့။ ဂျာမနီဝန်ကြီးချုပ်မာကယ်၏ တစ်ချက်လွှတ် အမိန့်တော်။

စာနဒီတာအုပ်တိုက်

ပြင်သစ်ကမူ ဂျာမနီထက် စွာပါ၏။ ကလေးတစ်ယောက်မွေးသော် ၃ နှစ် လစာအပြည့်နှင့်နား။ ထောက်ပံ့ကြေးလည်း ပေးအံ့။ နောက်တစ်ယောက်ထပ်မွေး ထောက်ပံ့ကြေးက နောက်ထပ် နှစ်ဆ။

မွေးပါစေသား မွေးစေသားဟု ကြိုးစားနေကြပုံ။

## (သုံး)

ဟော ယခု ကြည့်။

ကျွန်ုပ်အကြိုက်ဆုံးသတင်းတစ်ပုဒ်က ဖျတ်ခနဲဆို ဝင်ရောက်လာခဲ့ပြန်လေပြီ။ မြန်မာအမျိုးကောင်းသားတို့ လွန်စွာစိတ်ဝင်စားကြဘိလေသော တောင်ကိုရီးယားနိုင်ငံသတင်း။

ယင်း ၎င်းအနီ တောင်ကိုရီးယားနိုင်ငံလည်း ကလေးမွေးဖွားနှုန်း ကျဆင်းသည် ဟူသတတ်။ ကိုရီးယားအမျိုးသမီးတစ်ယောက်သည် ဘဝတစ်သက်တာ၌ ၁.၁၉ နှုန်းသာမွေးသည်ဆိုတော့ ကလေးတစ်ယောက်သာ မွေးသည်ဟု ထားလိုက်ပါလေတော့။ နောင်သော် လူဦးရေကျဆင်းချေတော့မည်။

ကျန်းမာရေးဝန်ကြီး ဂျန်ဂျယ်ဟီ ခေါင်းခြောက်ကပြီ၊ ဝန်ထမ်းအပေါင်းကို အိမ်သို့ စောစောပြန်ရန်အလို့ငှာတိုက်တွန်းကြပါကုန်လော့။ တစ်လတစ်ကြိမ် မီးများကို မှိတ်ထားကြကုန်လော့။ ဝန်ကြီး၏ အမိန့်တော်ဟူလို။

ဤ၌ ယင်း ၎င်းအနီ ကျန်းမာရေးဝန်ကြီးဌာန၏ အရာရှိတစ်ဦးဖြစ်လေသူ ချိုင်ချင်စွန်ကလည်း ဝန်ကြီး၏အမိန့်ကို အကောင်အထည် ဖော်ရဘိချေကပြီ။ ဝန်ထမ်းအားလုံး အိမ်ကို စောစောပြန်စေ။ လတစ်လ၏ တတိယမြောက် ဗုဒ္ဓဟူးနေ့၌ ၇း၃၀ တွင် အိမ်မှာ ရှိနေကြစေ။ မီးများအားလုံး မှိတ်ထားကြစေ။ မှတ်ထား။

## (လေး)

ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း၏ အိမ်ရှေ့အိမ်က ကောင်မလေး ကလေး နှစ်ယောက်ပေပေ။ မျက်စောင်းထိုးအိမ်က အမျိုးသမီး သားသမီးလေး ယောက်ဟူလို့။ ခေါင်းရင်းအိမ်က ဒေါ်လေး တစ်ဒါဇင် ပြည့်လုပြည့်ခင်။ ခြေရင်းအိမ်က ညီမငယ် ကလေးငါးယောက်။

တစ်လောကလေးဆီကလည်း ကျွန်ုပ်မွေးဌာနေ သပွတ်အူကျေးရွာ ဘက်ဆီသို့ ရောက်သွားဘိခဲ့ရာ ကလေးတွေ၊ ကလေးတွေ ဖွေးဖွေးလှုပ်လှုပ်၊ တိုးတက်ပွားစီးလာလိုက်ကြတာ။ ကျွန်ုပ်တို့ ချာတိတ်ဘဝ လွန်လေပြီးသော အနှစ်သုံးလေးဆယ်က ဤအမိမြေပေါ်၌ လူဦးရေ ၁၃ သန်း၊ ယခု သန်း ၅၀ ကျော်ပြီ ဆိုသမို့လား။ ထားတော့။

ရတနာတိုးပွားရန်အလို့ငှာ ခေါင်းခဲနေရရှာချေသည့် တောင်ကို ရီးယား အမောင်တို့၊ အမိတို့ကို ကျွန်ုပ်တို့ရပ် ကျွန်ုပ်တို့ရွာသို့ လာရောက် နေထိုင်ကြရန် အလို့ငှာ ဖိတ်မန္တက ပြုလိုက်ချင်ကြောင်းပါ သပွတ်ူရိုသ အနွယ်ဝင် စာရှုသူ သူတော်စင်အပေါင်းတို့ငယ်လေ တမုံ့တကား။

Source : AFP သတင်းများ။

မြို့တီး၊ မတ်လ၊ ၂၀၁၀။

❑



မပြောကောင်း မဆိုကောင်း

# လှောင်တာလေလားနော်ကွယ်

## (တစ်)

ကမ္ဘာကြီး ပျက်စီးလုနီးပြီလော... တဲ့။

ကဲ ကြည့်၊ အဲသဟာ ဂျက်တို့ ခပ်ငယ်ငယ် လူမမည် အရွယ်လောက်တုန်းဆီက ဖတ်ရှုခဲ့ရသည့် ဘုတ်အုပ်တစ်အုပ်ပေပ။ စာရေးဆရာ, သတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်ဟူသည်က ရေးသားထုတ်ဝေလိုက်ချေသော ဘုတ်အုပ်ပေပဗျာရယ်။

သည်တုန်းကဖြင့် ကလေးအရွယ် လူမမည်မို့ ပေလော မဆိုတတ်။ ကျွန်ုပ်တို့မှာ ဘဇာကိုမှ ကောင်းကောင်း မခံစားတတ်။ ကမ္ဘာပျက်တော့ရော အကျွန်နှင့် ဘာဆိုင်လို့တုံး ဟူသည့်စတိုင်နှင့်။

စာနဒီစာအုပ်တိုက်

ယခုတစ်မူ အသက်အရွယ်ကလေး ရလာလို့ပေလော မဆိုတတ်။ ကမ္ဘာပျက်မှာတို့ ဘာတို့ကို တွေးတွေးပြီး ကြောက်တတ်လာခဲ့ပါသော် ကောအခွေစာရှုသူ။

ကမ္ဘာပျက်မည့်အကြောင်းတွေကလည်း ဟိုနား သည်နားဆီက အသံကလေး ဗလံကလေးတွေ ထွက်၍ ထွက်၍ လာတော့ဘိချေရာ ကျွန်ုပ်မှာ မျောက်သတ္တဝါ သစ်ပင်ပေါ်က ဆင်း၍ မြေကြီးကို စမ်းစမ်းကြည့်သလို တို့များ မှီတင်းနေထိုင်ရာ ကမ္ဘာကြီးရှိမှ ရှိသေးပါလေစဟု စမ်းရမလို သောကပွေနေရသည်မှာကား အမှန်။

(နှစ်)

မီးကြောင့်ပျက်သော ကမ္ဘာ၊ ရေကြောင့်ပျက်သောကမ္ဘာ၊ လေကြောင့်ပျက်သောကမ္ဘာတဲ့။

နေ ၇ စင်းထွက်အံ့။ မြေမှသည် ပထမဈာန်သုံးဘုံသို့တိုင် မုန်ညင်းစေ့မျှပင် အကြွင်းမရှိအောင် ကျွမ်းလောင်သွားလတ္တံ့။ ယင်းသည် မီးဖျက်သော ကမ္ဘာဟူ၏။ ဆားကို ရေတွင်ချ၍ ပျော်ကျသွားသည့်နှယ် ဒုတိယဈာန်သုံးဘုံအထိ ရေထဲမြုပ်သွားမည့် ကမ္ဘာက ရေဖျက်သည့်ကမ္ဘာဟူ၏။ တတိယဈာန်သုံးဘုံသို့တိုင် စကြဝဠာကုဋေတစ်သိန်းလုံး မှုန့်မှုန့်ညက်ညက်ကျေပျက်မည့်ကမ္ဘာက လေကြောင့်ပျက်သည့်ကမ္ဘာ ဟူ၏။

သူ့ဘာသာသူ ဘဇာကြောင့်ပဲပျက်ပျက် ကမ္ဘာပျက်သည်ဆိုတာက ဖြင့် ကြောက်စရာကြီးပေပ မဟုတ်သလော ဘုတ်အုပ်ချစ်သူရယ်။

အင်္ဂလန်တောင်ပိုင်း ဆပ်ဆက်တက္ကသိုလ်က ရောဘတ်စမစ်ကတော့ ကမ္ဘာပျက်ရန် နှစ်သန်းပေါင်း ၇၆၀၀ လိုသေးကြောင်း ဟူလို့။ တော်ပါသေးရဲ့။ ပေါက်တတ်ကရတွေလုပ်ဖို့ ကျွန်ုပ်တို့အချိန်ရသေးပေလို့။ နက္ခတ္တဗေဒ ရူပဗေဒပညာရှင်တို့၏ အလိုအရ နေဆွဲအားအတွင်းသို့ ကမ္ဘာကြီး ဝင်ရောက်သွားကာ ပေါက်ကွဲသွားပေလိမ့်ဟူလို့။ ထား။

စာနဒီတာအုပ်တိုက်

ဟော ယခု ရုပ်ရှင်ဇာတ်ကား တစ်ကားက ၂၀၁၂ ဟူလို။ ရှေးဟောင်းမာယာလူမျိုးတို့၏ ပြက္ခဒိန်က ၂၀၁၂ မှာ ရပ်ဆိုင်းသွားသည့် ပြက္ခဒိန်။ သို့ဖြစ်ပါ၍ ၂၀၁၂ သည် ကမ္ဘာပျက်မည့်နှစ်။ သို့နှယ်ယူဆကာ အနှီ ၂၀၁၂ ရုပ်ရှင်ကားက ကမ္ဘာပျက်မည်ကို ထိတ်လန့်ချောက်ချားစရာ ရိုက်ကူးတင်ဆက်၍ ထားတော့ဘိချေရာ ကြည့်ရှုသူအပေါင်းတို့မှာ တုန်လှုပ်ရပါဘိတောင်း။ ထား။

ချစ်သော အမိကမ္ဘာမြေ မနက်ဖြန်ပဲ ပျက်ပျက်၊ သန်ဘက်ခါပဲ ပျက်ပျက်၊ နောင် နှစ်ပေါင်း သန်းရာထောင်မှပဲ ပျက်ပျက် သင်္ခါရသဘော အရ ပျက်တော့ ပျက်လိမ့်မည်ဖြစ်ရာ ပျက်ပြီးနောက် ပြန်အဖြစ်မှာ ဘဇာတွေ လုပ်ထားကြသော် ကောင်းမည်နည်းဟု ကြိုတင်တွက်ဆကြကုန်၏။

ကျွန်ုပ် စိတ်အဝင်စားဆုံးမှာကား မျိုးစေ့ဘဏ်။

(သုံး)

ကမ္ဘာပျက်သည့်တိုင် နောက်ကမ္ဘာအသစ်၌ စိုက်ပျိုးစားသောက်နိုင်ကြရန်အလို့ငှာ မျိုးစေ့တွေကို သိမ်းထားလေမတဲ့။ နော်ဝေအစိုးရနှင့် ကမ္ဘာ့သီးနှံမျိုးစုံရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ကြလေမတဲ့။

သီးနှံမျိုးစေ့ပေါင်းစုံကို မြောက်ဝင်ရိုးစွန်းမှာ သွားလှောင်ထားမယ် ဆိုပဲ့လား။ ဆပာဘတ်ဒ်ကျွန်းစု လောင်ရီယာဗျန်ရွာအနီး အေးခဲနေသည့် သဲကျောက်တောင်ကြီး အတွင်း၌ သိုမှီးထားမည်ဆိုပဲ့။ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၃၀ မြင့်သောနေရာ။

မျိုးစေ့က သန်း ၂၀၀၀ ဟူ၏။ သိုလှောင်စရိတ်က အမေရိကန်ဒေါ်လာ ၉ သန်းခန့်ဟူ၏။ သိုလှောင်ခန်း၌ စွမ်းအင်ပြတ်တောက်သွားသည့်တိုင် နှစ်ပေါင်း ၂၀၀ ခန့် အေးခဲနေရမည်ဟူ၏။

သို့ဖြစ်ဘိရာ နောက်ကမ္ဘာအသစ်မှာ ယင်းငှင်းမျိုးစေ့တို့ကို ထုတ်ယူစိုက်ပျိုး စားသောက်နိုင်ကြစေကြောင်းဟူလို။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊

ဒူးရင်း၊ သြဇာ၊ မာလကာ၊ သရက်၊ ပိန္နဲ၊ လိမ္မော်၊ စတော်ဘယ်ရီ အားလုံး အဆင်သင့်ရှိစေရန် ရည်ရွယ်ပါကြောင်း ဟူသတတ်။

သဟာနဲ့ ခုရက်ပိုင်းကလေးတွေထဲ ကျွန်ုပ်လည်း သပွတ်အူကျေး ရွာဘက် ရောက်တုန်းရောက်ခိုက် ကမ္ဘာကြီး ပျက်စီးမည့်သတင်းနဲ့အတူ သီးနှံတွေ စုဆောင်းလျက် ကြိုတင်စီစဉ်နေကြပုံကလေးများကို သတင်း ဖောက်သည်ချမိလေသဗျ။ အဲသမှာ အဲသမှာပဲပေါ့။ အိုင်ဒီယာတွေ အိုင်ဒီယာ တွေ ထွက်လာလိုက်ကြချေတာဗျာရယ်။

ဘကြီး ကြွက်သိုးက ငါ ပဲကလေး လှောင်ထားရကောင်းမလား မသိဘူးမောင်ရာတဲ့။

ဒေါ်လေး မလုံးတင်ကတော့ စပါး လှောင်ထားချင်သတဲ့။

ရွှေပွတ်စိုးမြင့်တို့ လင်မယားတစ်တွေကတော့ ကြက်သွန် အဖြူ၊ အနီကလေး လှောင်ထားဖို့ စိတ်ကူးမိတယ်ဆိုလား။

တစ်ယောက်တစ်ပေါက်ပါပဲ။ ဗလာစာအုပ်လှောင်ချင်တဲ့သူနဲ့။ နို့ဆီ၊ သကြားလှောင်ချင်တဲ့သူနဲ့။ ဓာတ်ဆီ၊ ဒီဇယ်ဆီ လှောင်ချင်တဲ့သူနဲ့။ ဆား လှောင်ချင်တဲ့သူ၊ ဘိလပ်မြေ လှောင်ချင်တဲ့သူ၊ အုတ်ခဲ လှောင်ချင်တဲ့သူ၊ အရက်ပုလင်း လှောင်ချင်တဲ့သူ၊ စုံနေတာပဲ။ ကမ္ဘာပြန်အစမှာ ကြိုက်ဈေးနဲ့ ထုတ်ရောင်းဖို့ဆိုလား။

အင်း...ကမ္ဘာက ဘယ်အချိန် ပျက်မှာမှန်းလဲ မသိ။

ဘယ်အချိန် ပြန်ဖြစ်မှာမှန်းလဲ မသိ။

ခက်ကရော။

Source : AP

မြူးတီး၊ ဧပြီလ၊ ၂၀၁၀။

❑

## (တစ်)

ယခုပစ္စက္ခ ရက်ပိုင်းကလေးများအတွင်း၌ ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းတစ်ယောက် တောင်ဖတ် မြောက်ဖတ်နှင့် ဖတ်မိသမျှအဝဝသော ဘုတ်အုပ် မဂ္ဂဇင်း ဂျာနယ်များ အသီးသီး အသက ရှိခဲ့ကြသည့်အနက် ဘာသာစကားနှင့် ဆက်နွယ်သော သတင်းကလေးတစ်ရပ်က ကျွန်ုပ်၏ရင်ကို လှုပ်ခတ်စေခဲ့သဗျာ။

မပြောကောင်း မဆိုကောင်း

### မြန်မာလစ်ထရေးချားသည် တို့လစ်ထရေးချား
### မြန်မာလန်းဂွေ့သည် တို့လန်းဂွေ့




တနဒီစာအုပ်တိုက်

ယင်းငှင်းအနီးသတင်းကား စိနရှု ခေါ် စိန့်တိုင်း ခေါ် ဂန္ဓာလရာဇ် ခေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးဘက်ဆီက ဝေ့ဝဲလာသော သတင်း တစ်ရပ်ပေပ။

ထိုတရုတ်ပြည်၌ နိုင်ငံတကာ ဘာသာပြန်အသင်း ဟူ၍ ရှိလေသတတ်။ ထိုအသင်း၏ဥက္ကဋ္ဌမှာကား ဟွမ်ဟူရီ ဟူ၍ ခေါ်ဝေါ်လေသတတ်။ ယင်း ဥက္ကဋ္ဌ ဟွမ်ဟူရီက ဘာသာစကားဆိုင်ရာကိစ္စတစ်ခုကို မြွက်ဟလာခဲ့ခြင်းပင် ဖြစ်ပါချေသည်တမုံ့။

ဟွမ်ဟူရီက ယခုမျက်မှောက် တရုတ်နိုင်ငံသားတို့သည် နေ့စဉ်သုံးစကားများကို ပြောဆိုမြွက်ဟကြရာဝယ် English စကားများကို ညှပ်ကာ ညှပ်ကာ ပြောဆိုသမှု အလွန်များပြားလာခဲ့သည်ဟု ဆိုပါ၏။

ဥပမာ အိုကေ(O.K)၊ ဘိုင့်ဘိုင်(Bye Bye)၊ နိုက်စ်(Nice) စသည် စသည်ဖြင့် ပြောဆိုလာခဲ့ကြသည်ဟု ဆိုပါ၏။ သို့ကလို အခြေအနေသည် နောင်အနာဂတ် တရုတ်ဘာသာစကားအတွက် ရင်လေးစရာဖြစ်သည်ဟုလည်း ဆိုပါ၏။ သို့မူ၍ သတိပြုသင့်ပါကြောင်း အရပ်ကတို့ ဟူလို။

ဤ၌ ကျွန်ုပ်လည်း ကျွန်ုပ်ဝန်းကျင်သို့ ဝေ့ဝိုက်ငဲ့စောင်းကြည့်မိလိုက်ချေရာ ရင်သည်းစိုင်ထဲဝယ် ဒိတ်ဒိတ် ဒိတ်ဒိတ် ဖြစ်သွားကြောင်း ဝန်ခံရမည်သာ။

## (နှစ်)

လူတစ်ဦးနှင့် လူတစ်ယောက် မတော်တဆ ထိမိခိုက်မိကြသည် ဆိုပါအံ့။ အဘယ်သို့သော အမျိုးကောင်းသား အမျိုးကောင်းသမီးကမှ ကန်တော့ပါ ခင်ဗျာ၊ ကန်တော့ပါ ရှင် မနေကြတော့ချေ။ ဆောရီး(sorry) ဟူသော စကားကြီးကိုသာ ပီသကြည်မြစွာ ရွတ်ဆိုကြစမြဲဖြစ်ပါ၏။

ကျွန်ုပ်တို့ကား ဘုတ်အုပ်မဂ္ဂဇင်းများကို မြန်မာအမည် မပေးကြတော့၊ ဥပမာ Beauty။ ဂျာနယ်များကိုလည်း မြန်မာအမည်မပေးကြတော့၊

ဥပမာ 7 Day News၊ မာတိကာကိုလည်း မြန်မာလို မဖော်ပြကြတော့၊ ဥပမာ Editorial, Poem, Short Story, Cartoon စသည်။

အဆိုတော်များကလည်း မြန်မာအမည် မပေးကြတော့။ ဥပမာ Ringo။ တီးဝိုင်းအဖွဲ့များကိုလည်း မြန်မာအမည် မပေးတော့။ ဥပမာ Iron Cross။ လက်ဖက် ရည်ဆိုင်များ၏ အမည်ကို ကြည့်ပါလေ။ The First တဲ့၊ Country Boy တဲ့၊ Hello တဲ့၊ You and Me တဲ့၊ Selection တဲ့။ ထား။

အနိုကလိုသော အခါသမယ၌ အချို့အချို့သော စကားလုံးတို့ကို အင်္ဂလိပ်ဘာသာစကားနှင့် ညှပ်၍ ညှပ်၍ ပြောလာကြသည်မှာ အဆန်း တကြယ်တော့ဖြင့်မူကား မဟုတ်ပါလေ။

> ''ခင်ဗျားရဲ့ ကေ့စ်(Case)နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ရဲ့
> ဘော့စ်(Boss)က နိုးပရော်ဘလမ်(No Problem) လို့
> ပြောပါတယ်ဗျာ''

ယင်းငှင်း အထက်ပါစကားထဲ၌ အင်္ဂလိပ်စကားတို့ ညှပ်၍ ထား စေကာမူ ပစ္စက္ခမြို့ကြီးသားတို့က ကောင်းစွာ နားလည်သည်သာပင်။

သို့တမူ ကြာသော် စာတစ်ကြောင်း ငှင်းဆယ်ခါပါ ဆိုသကဲ့သို့ စကားလုံး ၁၀ လုံးတွင် ၈ လုံးလောက်က အင်္ဂလိပ်စကားဖြစ်နေပါမူ ဘယ့်နှာသို့ လုပ်ကြရပါအံ့နည်း။

တရုတ်ဘာသာစကား ဥက္ကဋ္ဌ ဟွမ်ဟူရီ စိုးရိမ်မည်ဟု ဆိုကလည်း စိုးရိမ်ဖွယ်ရာပင် ဖြစ်ပါပေ၏။

ဤ၌ ကျွန်ုပ် စိတ်ထဲတွင် အတွေးတစ်ခု ဝင်လာ၏။ သပွတ်အူ တွင်ရော ဘယ့်နှာသို့နည်း။

မှန်ပါသည်။ မြို့ကြီးပြကြီးများတွင် သူ့ဘာသာသူ အင်္ဂလိပ်စကား ညှပ်တာ မညှပ်တာ အသာထား၊ မွေးရပ်မြေ ကျေးတောရွာဖြစ်သည့် သပွတ်အူတွင်ရော မည်သည့် အခြေအနေ ရှိပါလေအံ့နည်း။

ကျွန်ုပ် စေ့ငုလိုပါ၏။ သို့ဖြင့် နှင်ရခဲ့ပါလေသည် မွေးမြေသို့ လေ့လာမှု ခရီး။

(သုံး)

"ဟော့ ထိပ်ထားစိုးမြင့်၊ ညည်းအဖေ ရွှေပွတ်စိုးမြင့်ကြီးရောဟ"

"မဟာဝိဇ္ဇာအဝင်းရဲ့ ဘတ်ဒေး(Birthday)ဆိုလား သွားပါတယ် ဦးဦး"

ဤသို့ သပွတ်အူသို့ ရောက်ရောက်ချင်း ကျွန်ုပ်လည်း မဟာဝိဇ္ဇာ အဝင်း၏ Birthday Party သို့ လိုက်ရသည်သာ။ လူစုံတက်စုံ ရှိကြပါပေ့။ ကျွန်ုပ်အား မြင်သည်ရှိသော် အားလုံးက-

"ဟော့ ဆရာကြီးဂျက်ဟ...You are welcome, You are welcome"ဟု ဝိုင်းဝန်းနှုတ်ဆက် ကြိုဆိုကြကုန်ပါ၏။

အနို့နောက် ချီးယား(Cheer)ဟူသည့်အသံများ၊ ဖန်ခွက်ချင်း တို့ထိသံများ၊ ယမကာခွက် မှောက်ကျသည်ဖြစ်၍ ဆောရီး(Sorry)ဟု တောင်းပန်သမှု ပြုလိုက်သံများ၊ ယမကာကိုငှဲ့ထည့်ပေးလိုက်၍ သိုင်းကျူး(Thank You) အော်ဟစ်လိုက်ပုံများ၊ စကားကို အလုအယက်ဖြတ်ပြောလိုသူက အိတ်ကစ်ကျူမီပလိစ်(Excuse me, Please) လုပ်နေပုံများဖြင့် ညသည် စည်ဝေလျက် ရှိပါချေ၏။

"ဟော့ လောကခံထိုက်ထိုက် ရေခဲယူမလား"

"နိုး နိုး(No) ရေပဲ ပေးပါ"

"ဘီအက်စီအသောင်းရော...ရေခဲ"

"အိုကေ(O.K) ရက်စ်(Yes)"

"ကဲကဲ ရယ်ဒီ(Ready) ဖြစ်ရင် ဆရာဂျက်ကို အမှတ်တရ စကားကလေး ပြောခိုင်းရအောင်"

အနို့နှင့် တစ်စ တစ်စ ညဉ့်နက်လာလေသောအခါ ဂွတ်နိုက် (Good Night) တွေ၊ ဆီးယူ(See You) တွေမှာ ကျက်ကျက်ညံ၍သာလာတော့ ချေ၏။ ဘိုင့်ဘိုင်(Bye Bye) ဆိုသော အသံများကမူ လှျာလေးအာလေး ကြီးများနှင့်။

နံနက်မိုးသောက်သော် ရွာမပိုင်းရှိ မုန့်ဟင်းခါးဆိုင်ကလေးသို့ ကျွန်ုပ် ရောက်သွားရာ စုံတွဲကလေးတစ်တွဲက ဆရာဂျက်မောနင်း (Morning) ဟုနှုတ်ဆက်၏။ ကျွန်ုပ်က နေပါဦး မောင်ရင်တို့၊ ညည်းတို့က ဟုစေ့ငုရာ ဖားသား(Father)က ဘယ်သူ၊ မားသား(Mother) က ဘယ်ဟာ စသည်ဖြင့် မိတ်ဆက်ပြီးကြလေသော်...

"ကျွန်တော်တို့က အင်ဂေ့ဂျ်(Engagae) လုပ်ထားပြီးသားပါ ဆရာကြီးဂျက်၊ ဝယ်ဒင်(Wedding) တော့ မလုပ်ရသေးပါဘူး" ဟူ၏။

အနီစုံတွဲကလေးကား ကျွန်ုပ်၏ မုန့်ဟင်းခါးဖိုးကိုပါ ရှင်းသွားသဖြင့် ကျွန်ုပ်က အားတုံ့အားနာဖြစ်လျက်ရှိချေရာ သူတို့က နိုးပရော်ဘလမ် (No Problem) ဟူသတည်း။

## (လေး)

ဟွမ်ဟူရီက အင်္ဂလိပ်ဘာသာစကားကို များများညှပ်ပြောလာသော် တရုတ်ဘာသာစကား၏ အနာဂတ်ကို စိုးရိမ်မိကြောင်း ပြောလာခဲ့ပါ၏။

ကျွန်ုပ်ကမူ မစိုးရိမ်။ မြန်မာစကားလုံးကလေး တစ်လုံးစ နှစ်လုံးစ ကျန်နေသေးသမျှ မြန်မာဘာသာစကားအတွက် အန္တရာယ်မရှိသေးဟု ယူဆပါ၏။ ကြည့်...

" Comming Summer ကျရင်တော့ Beach တစ်ခုခုပဲ သွား မယ်ကွာ၊ အလုပ်က Stress သိပ်များတော့Relax လုပ်ချင်လို့၊

ကိုယ့် First Cousin ကတော့ Upper Burma ဘက် ခေါ်နေတာ၊ အဲဒီ Weather ကို ဘယ်လိုမှ မခံနိုင်ဘူး''

ကဲ့သို့သော မြန်မာစကား၌ ဘဇာများ စိုးရိမ်စရာ အန္တရာယ်ရှိနေပါအံ့နည်း။

မြူးတီး၊ ဇွန်လ၊ ၂၀၁၀။

❑



မပြောကောင်း မဆိုကောင်း

# ဘယ်နေရာမှာ ကျီးကိုစောင့်လို့
# ဘယ်ဒေသမှာတဲ့ ကြက်ကိုနှင်

(တစ်)

ကျွန်ုပ်တို့၏ မြန်မာမှုနယ်ပယ်၌ 'ကျီးစောင့်ကြက်နှင်' ဟူသော စကားကလေးတစ်ခု ရှိပါ၏။ အနှီ စကားသည်ကား ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းခေါ် ဆိုဆိုက်ယတီ (Society) ကို တစ်စိတ်တစ်ပိုင်း၊ တစ်ခန်းတစ်ကဏ္ဍမှ ဆိုသလို ဖော်ညွှန်းနေသော စကားကလေးလည်း ဖြစ်ပါ၏။ ကျီးစောင့်ကြက်နှင်...တဲ့။ ကျွန်ုပ်တို့၏ အဘိုး၊ ကျွန်ုပ်တို့၏ အဘွားများ၏ Role ခေါ် အခန်းကဏ္ဍကို တန်ဖိုးထားလိုက်သည့် စကားပင်။

တနဒီတာအုပ်တိုက်

ဆရာကြီး သခင်ကိုယ်တော်မှိုင်းက အိုမင်းမစွမ်းဟူသည် အိုရင်မင်းမစွမ်းတော့ပါဘူးကွာဟု အဓိပ္ပာယ်ရှိပုံရကြောင်း မိန့်ဆိုလင့်ကစား ကျွန်ုပ်တို့၏အဘိုး၊ ကျွန်ုပ်တို့၏အဘွားများ၌ ကျီးစောင့်ကြက်နှင် စွမ်းအင်လောက်တော့ကား ရှိကြပါသေးသည်တမုံ့။

အိမ်တွင် လူသူလေးပါးတို့ အပြင်သို့ သွားနေကြသည့် အခိုက်အတန့်များဝယ် ကျီးကန်းငှက်တို့က အိုးလှန်ခွက်လှန်လုပ်သည်ဆိုပါစို့။ သားထိုးငါးထိုးလုပ်သည်ဆိုပါစို့။

အနီးအပြင် အရပ်တစ်ပါးက ကြက် အစရှိသော အကောင်တို့ ခြံထဲသို့ ဝင်ရောက်လာကာ တောင်ယက်မြောက်ယက် လုပ်သည်ဆိုပါစို့။ မောင်းရနှင်ရသည့် အလုပ်လောက်ကိုတော့ တို့များ ဘိုးဘွားတို့က လုပ်ဆောင်ကြရပါသေးသည်။

ထို့ပြင်တစ်ဝ နေပူတော့ ထုတ်လှန်း၊ မိုးရွာတော့ ရုပ်စတမ်း အဝတ်အထည်တို့ကို သိမ်းဆည်းရသည်ကလည်း ယင်းရှင်းတို့ ဘိုးတို့ ဘွားများသာ။

သြော်...ကျီးစောင့်ကြက်နှင်တဲ့။ အဓိပ္ပာယ်ရှိလှပါဘိတောင်း ဟူလို့။

## (နှစ်)

ငယ်နုစဉ်အခါက ကျွန်ုပ်တို့၏အဖေ၊ ကျွန်ုပ်တို့၏ အမေများအား ပြုစုပျိုးထောင်ပေးခဲ့ကြလေကုန်သော အဘိုးအဘွားတို့ အသက်အရွယ်ကြီးရင့်လာသောအခါ...ဟော မျက်မှောက်ကမ္ဘာကြီးက ခေါင်းခြောက်လာသည်ဟူသတတ်။ ဆန်ကုန်မြေလေး ဝန်ထုပ်ဝန်ပိုးဟူသော အယူအဆ။

အထူးသဖြင့် ချမ်းသာသည့် နိုင်ငံကြီးများ။ ချမ်းသာတော့ ကျန်းမာသပေါ့ဗျာရယ်။ ကျန်းမာတော့ လန်းဖြာသပေါ့။ ဂျပန်၊ ဩစတေးလျ၊ အစ္စရေး၊ နော်ဝေ၊ ပြင်သစ်၊ အီတလီ၊ ယူကေ၊ ယူအက်စ်အေ၊ တရုတ်။ အကုန်လုံး ၇၀ အထက် ၈၀ ကျော်တွေချည်းသာ။ အဲသမှာ အဘိုးတို့၊

အဘွားတို့ကို ပြုစုစောင့်ရှောက်ဖို့ဆိုသည်မှာ ပြဿနာကြီးပါ ဆိုနေပါရော့လား သပွတ်ူရိုသအနွယ်ဝင် သူတော်စင် စာရှုသူ။

အနို့နှင့် တစ်နေ့သောအခါဝယ် ပြင်သစ်နိုင်ငံဘက်က သတင်းကလေးတစ်ပုဒ်က ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း၏ ရင်ဝသို့ ဝင်ဆွလေပါပကောလား။ ပြင်သစ် ကျန်းမာရေးဝန်ကြီးက ထုတ်ပြန်လေသော ဥပဒေနှင့် အမိန့်ပေပ အရပ်ကတို့င့်။

အနီ ဝန်ကြီး၏အမည်က Roselyne Bachlot၊ ရို့စ်လင်းဘက်ချ်လော့ဟု အသံထွက်ရလေမလား။ ပြင်သစ်နိုင်ငံ၌ သက်ကြီးရွယ်အိုတို့ကို စောင့်ရှောက်ရလေမတဲ့။ အနို့ကလို ဘိုးဘွားတို့အား စောင့်ရှောက်ကူညီခဲ့သည်ရှိလေသော် အနီ ထိုလူကို တစ်ရက်လျှင် ယူရိုငွေ ၄၅ ပေးရလေမတဲ့။ အဲသဟာ ဥပဒေတဲ့။ အိုကွယ် မြန်မာကျပ်ငွေ ငါးသောင်းဝန်ကျင်ကြီးမင့်ဟာရယ်။ ၎င်းသည် နိုင်ငံတော်၏ ထောက်ပံ့ငွေ။

အကယ်တန္တု အဆွေစာရှုသူ လူကြီးမင်းသည် အစိုးရအမှုထမ်းဖြစ်ပါအံ့။ သို့တည်းမဟုတ်မူ၍ ကုမ္ပဏီအမှုထမ်း ဖြစ်ပါအံ့။ သက်ကြီးရွယ်အို ဘိုးဘွားတို့အား စောင့်ရှောက်သည်ရှိလေသော် လစာအပြည့်ဖြင့်ခွင့် ၆ လယူကာ စောင့်ရှောက်နိုင်စေဟူလို။ ကျန်းမာရေးဝန်ကြီး ရို့စ်လင်းဘက်ချ်လော့(Roselyne Bachlot)က ထပ်ဆင့်၍ မြွက်ဟလေသည်မှာ လူကြီးသူမတို့ကို ဆွေမျိုးသားချင်းများက စောင့်ရှောက်ရန် ပိုမို၍ လိုအပ်ပါလေကြောင်းဟူလို။

ယင်း ၎င်းအနီ သတင်းကလေးကို ဖတ်ရှုပြီးသည့် သကာလ ကျွန်ုပ်ဆရာကြီး ဂျက်ကွမ်းခြံကုန်း၏စိတ်ထဲ အတော်ကလေးကို တွေတွေငေးငေးဖြစ်သွားမိကြောင်း ဝန်ခံရချေမပဗျာရယ်။

ကျွန်ုပ်တို့ ငယ်ငယ် ရွာ၌နေစဉ်ကာလ ကလေးများက အိမ်တိုင်းလိုလို၌ အဘိုးတွေ၊ အဘွားတွေနှင့်ပေပ။ အိမ်ဦးခန်းမှာ အဖန်ရည်အိုးနဲ့။

ထန်းလျက်ခဲနဲ့။ ထမင်းစားတော့မည်ဟုဆိုပါမှ လက်ဆေး၍ အဆင်သင့် ဝင်ထိုင်ရုံမျှသာ။ သာမှု နာမှုရှိလျှင် သံဃာစင်ပေါ်က။ အိမ်ဦးခန်းက။ စောင့်ရှောက်ရလေသည်ကောဟု အဘိုးအဘွားတို့အား ငြိုငြင်သည်ဟုလည်း မကြားဘူးပေါင်ပါ။

အဲ-တစ်ခုတော့ ရှိပေသည်သာပ။ ခွင့် ၆ လတော့ မရခဲ့ဘူးပေါ့ အဆွေတော်ရယ်။ တစ်ရက်လျှင် ယူရို ၄၅ တော့ မရခဲ့ဘူးပေါ့ အဆွေတော်ရယ်။

ဩော်... သွားလေသူ ကျီးစောင့်ကြက်နှင် အဘိုးတို့၊ အဘွားတို့ကို ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း သတိရမိသေးတော့။ မြေးအဘိုးတစ်တွေ ပြင်သစ် ပြည်ကြီးမှာ ဆွေရယ်မျိုးရယ်နဲ့ တစ်ပွဲလောက်တော့ နွဲလိုက်ချင်စမ်းသဗျာ ဟူလို တမုံ့တကား။

မြူးတီး၊ ဇွန်လ၊ ၂၀၁၀။

❑

## (တစ်)

မျက်ရည်ဟု အဘယ်ကြောင့် ခေါ်ပါလိမ့်။ မျက်လုံးထဲကနေ ထွက်၍ ကျလာသော အရည်တစ်မျိုး ဖြစ်ဘိမူသဖြင့် မျက်ရည်ဟု ခေါ်ဆိုပုံရကြောင်း ဘာသာဗေဒပညာရှင် ကျွန်ုပ်က ခန့်မှန်းတွက်ဆမိပါ၏။

သိုးဆောင်းတို့ အလိုအရမူ Tear ဟူသတည်း။ မျက်ရည်ကျခြင်းကိုမူ ဆေးသိပ္ပံအလိုအရ လက်ခရိုင်မေးရှင်း ဟူလို့။ Lacrimation ဟု စာလုံးပေါင်းသတတ်။ မှတ်လေ။

မပြောကောင်း မဆိုကောင်း

**နင်ငိုပေမယ့် အလကား**



(နှစ်)

စကြဝဠာအနန္တ၊ သတ္တဝါအနန္တ၊ သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့တွင် အဘယ်မည်သော သတ္တဝါသည် မျက်ရည်ကျပါစေ။ ကျွန်ုပ်အထင် လူမှတစ်ပါး အပြားပြားသော သတ္တဝါတို့သည် မျက်ရည်ကျကြပုံ မရချေ။

ဆင်ကြီးတွေ ငိုသည်ဟု ဆိုပါ၏။ ကျွဲကြီးတွေလည်း ငိုသည်ဟု ဆိုပါ၏။ အနို့အပြင် နွားကြီးတွေလည်း ငိုကြောင်းဆိုပါ၏။ ထိုမျှသာမက ကရိုကိုးဒိုင်းတီးယား(Crocodile Tear) ခေါ် မိကျောင်းမျက်ရည်ဟူ၍လည်း ရှိကြောင်းဆိုရာ ဘာခံစားချက်မှ မရှိဘဲ ကျသောမျက်ရည်ပင်။ ထားတော့။

ဘုတ်အုပ်တစ်ခုထဲ၌မူ မျက်ရည်ကို ခွဲခြမ်းစိတ်ဖြာ၍ ပြထားရာ မျက်ရည်၌ ရေပါသည်ဆို၏။ မြူစင်(Mucin)ခေါ် အချွဲဓာတ်ပါသည်ဆို၏။ အဆီ(Lipid)ပါသည်ဆို၏။ လိုင်ဆိုဇိုင်း(Lysozyme)၊ ဂလူးကို့စ်၊ ယူရီးယား၊ ဆိုဒီယမ်၊ ပိုတက်စီယမ် စသည် စသည်တို့လည်း ပေါင်းစပ်၍ ပါဝင်နေကြောင်း ဆိုချေရာ ကျွန်ုပ်၏ မိတ်ဆွေ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးသည် အနို့ဘုတ်အုပ်ကိုဖတ်ကာ ဝေါက်ခနဲ ထထိုင်၏။

သူက မျက်ရည်လွယ်သူတို့ကို လစာပေး၍ ခေါ်ယူကာ ငိုနိုင်းပြီး ၎င်းအနို့တို့၏ မျက်ရည်များကို ဓာတ်ခွဲကာ ဆိုဒီယမ်သပ်သပ်၊ ပိုတက်ဆီယမ်သပ်သပ်၊ ဂလူးကို့စ်သပ်သပ်၊ ယူရီးယားသပ်သပ် ထုတ်လုပ်ပြီးရောင်းရသော် တွက်ခြေကိုက်ပါစဟု စဉ်းစားပုံရပါ၏။ ငိုတော့ မရယ်။

(သုံး)

ဟုတ်ကဲ့။ လူတွေ ဘယ်အချိန်မှာ ငိုကြပါစ။ တစ်နည်း ဘယ်နံရောအခါမှာ မျက်ရည်ကျကြပါစ။ စေ့ငုဖို့ကောင်းပါ၏။

မျက်ကြည်လွှာတောက်ပစေဖို့ရာ မျက်ရည်ကျသည်ဟူသတတ်။ Basal Tears ဆိုလား။ ကြက်သွန်နီ ကဲ့သို့နှယ် ပစ္စည်းများကြောင့်လည်း

မျက်ရည်ကျသည် ဟူသတတ်။ Reflex Tears ဆိုလား။ အနို့နောက် အရေးအကြီးဆုံးမှာ ခံစားမှုမျက်ရည်။ Crying Tears သို့မဟုတ် Weeping Tears ဟူသတည်း။

ဤ၌ ခံစားမှုဟူသည် နှစ်မျိုးနှစ်မည် ရှိနေနိုင်ပေလိမ့်မည်။ မြူးထူး၍လည်း မျက်ရည်ကျနိုင်သလို ကြေကွဲ၍လည်း မျက်ရည်ကျနိုင်ချေသည် မဟုတ်သလော။

စိန့်ဩဂတ်စတင်းက မျက်ရည်ကို ဗျူပွတ်ဖွင့်ပုံမှာ Symblos Of Pleausre ဟူသတည်း။ ပီတိ၏သင်္ကေတ ဟူသတတ်။ ဘွဲ့နှင်းသဘင်၌ မျက်ရည်ကျသည်မှာ၊ အလှူပွဲကြီး ဝှဲချီးအောင်မြင်၍ ရေစက်ချစဉ်၌ မျက်ရည်ကျသည်မှာ သို့ကလို မျက်ရည်မျိုး ဖြစ်ပုံရပါ၏။

စိတ်ပညာရှင်အချို့ကမူ မျက်ရည်ကို Emotional Catharsis အီမိုရှင်နယ် ကသားဆစ်တဲ့။ ခံစားမှုဝမ်းနုတ်ဆေးဆိုလား။ ထိပ်ပါ့မိပါ့။ ငိုပစ်လိုက်တော့ ခံစားရတာတွေ ပေါ့ပါး၍ မသွားပါလား သပ္ပုရိသအနွယ်ဝင် သူတော်စင် စာရှုသူ။

အချို့ကမူ Sincerity ရိုးသားမှု အမှတ်အသားတဲ့။ Reminiscence ပြန်ပြောင်းသတိရခြင်းတဲ့။ ကောင်းတာပါကပဲ အရပ်ကတို့ရယ်။ ရိုးမှ မျက်ရည်ကျပေမပေါ့။ သတိရမှ မျက်ရည်ကျပေမပေါ့။ ထား။

သဟာနဲ့ ကိုရီးယားနိုင်ငံအကြောင်းကလေး တောင်ဖတ်မြောက်ဖတ် လျှောက်ဖတ်မိစဉ် (Professional Mourners) ပရော်ဖက်ရှင်နယ် မော်နာဆိုတာကလေး ဖတ်ရှုမိသဗျာ။ ကြေးစားငိုကြွေးပေးသူများတဲ့။

လူတစ်ယောက် ကွယ်လွန် အနိစ္စရောက်သည်ဆိုအံ့။ မည်သူတစ်ဦးတစ်ယောက်ကမျှ ဝမ်းနည်းပန်းနည်း မဖြစ်သောကြောင့် မငိုကြွေးကြဆိုအံ့။ မျက်ရည်မပါတော့ ဘယ်နှာ လွမ်းစရာ ကောင်းလိမ့်မတုံးလေ။ အနို့လို အခါမျိုး၌ ကြေးစားများကို ငှားရမ်း၍ လှိုက်လှိုက်လှဲလှဲ ငိုကြွေးနိုင်းလိုက်လေသောအခါ အို... လွမ်းဖွယ်ပင်။ ကောင်းပါ့။

တနင်္ဂနွေအပ်တိုက်

မဟာတ္တမဂန္ဒီကြီးဆုံးတော့ ငိုလိုက်ကြတာ။ မာသာထရီဆာ ကွယ်လွန်တော့ ငိုလိုက်ကြတာ။ ဗိုလ်ချုပ်အောင်ဆန်း အနိစ္စရောက်တော့ ငိုလိုက်ကြတာ။ အနို့အတူ တွံတေးသိန်းတန်၊ ထူးအိမ်သင်၊ မြို့မငြိမ်း၊ ဗန်းမော်တင်အောင်၊ မြသန်းတင့်၊ မင်းသုဝဏ်၊ မောင်ချောနွယ်၊ ဝသုန်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ရွှေဘာ၊ လူထုဒေါ်အမာ၊ အို… ငိုလိုက်ကြတာ။ မျက်ရည်တွေများ ထွက်လိုက်ကြတာ။ ထား။

တစ်နေ့သားမှာတော့ ကျွန်ုပ်ဆီ လူသုံးလေးယောက် ပေါက်ချလာသဗျ။ ရှေ့ဆုံးက ဟာစ်တလာရယ်။ သူ့နောက်တွင်မူ မူဆိုလိုနီကြီးရယ်ပေါ့။ ဟုတ်ကဲ့ ဆက်ဒမ်ဟူစိန်လည်း ပါပါလေရော့။

အဲသမှာ သူရို့ အသုဘတွေကို ပြန်ချချင်ပါသတဲ့။ ကြေးစားအငိုသမားတွေကို ငှားရမ်းပေးစေလိုပါသတဲ့။ စကြဝဠာတိုက်တစ်သောင်းကကြားသည်အထိ ဟစ်ကာညစ်ကာ အော်၍ ငိုပေးရမည် ဆိုပါကလား။ ကြိုက်ကြေးတောင်းလေတဲ့။

ကျွန်ုပ်ကို အကူအညီတောင်းခံလာတော့မင့်ဟာ။ အသို့နှင့် ကျွန်ုပ်လည်း နီးစပ်ရာ နီးစပ်ရာလူတွေ အသာလက်တို့ကာ အသပြာငွေကြေးကိစ္စညှိနှိုင်းပြီးသည့်သကာလ အသုဘပြန်ချ၍ ငိုစေဟု မိန့်မြွက်ရတော့ပေတာပ။

ကိုယ့်လူတွေပြန်လာတော့ လက်ထဲမှာ အသပြာတွေ ဖွေးဖွေးလှုပ်လို့ရယ်။ ငိုရင်းငိုရင်းနဲ့ တစ်ယောက်ကိုတစ်ယောက် လှမ်းလှမ်းကြည့်ပြီးရယ်ချင်လိုက်တာ ဆရာကြီးဂျက်ရာတဲ့။ ကြည့်စမ်း သည်မောင်တွေ။ သမိုင်းမှာ မျက်နှာပိုး မသေမသပ်နဲ့။ အနီးနေ ညနေခင်းမှ စကာ ၎င်းတို့ တည်ခင်းဧည့်ခံသည့် ယမကာဝိုင်းကလေးမှာ စားမြုံ့ပြန်ကြရင်း တဝါးဝါး ရယ်ပွဲဖွဲ့ကြသည်မှာ တစ်ပတ် ဆယ်ရက်။

မြူးတီး၊ ဇူလိုင်လ၊ ၂၀၁၀။

❑


အို… အကြင် အသင် ဘုတ်အုပ်စာပေဖတ်ရှု လေသောသူ။

အကြင်သည် ကျားလော မလော။ သို့တည်းမဟုတ် လုလင်လော လုံမလော။ အမောင်လော အမိလော။ ထို့ပြင်တစ်ဝ အဖလော အမိလော။

အမေးလွယ်ကူသလောက် အဖြေ ထွေး ထွေးရှုပ်ရှုပ် ပွေပွေလီလီ နိုင်ခဲ့ရချေပြီတကား။

ကယ်လီဖိုးနီးယားမိုနီလော့ဂ်

# တို့လိုမျိုး အဝင်းတို့ရဲ့ခေတ်



စာနဒီစာအုပ်တိုက်

အနို့ကလိုဖြစ်ရခြင်းတွင် ကျွန်ုပ်တို့လူသားများကိုယ်တိုင်၏ အပြစ်မကင်းမှုသည် အဓိကပဓာနအကြောင်းရပ်ဟု ကျွန်ုပ်ဆရာကြီး ဂျက်ကွမ်းခြံကုန်းက သတ်မှတ်လိုပါ၏။ မိမွေးတိုင်း ဖမွေးတိုင်း ဖွားဖက်တော်အဌာများအပေါ် ကျွန်ုပ်တို့ မကျေနပ်နိုင်ကြချေကပြီ။ ရှိသူက ဖြတ်ချင်၊ မရှိသူက တပ်ချင် အားလုံးနှင်နှင် အလိုမကျနိုင်သူများပါပေတမုံ့တကား။

တစ်နေ့သ၌ ပုရိသယောကျ်ားကလေးများသတ်သတ်၊ ဣတ္ထိယမိန်းကလေးများကသတ်သတ် အဆောင်နှစ်ခုခွဲ၍ထားသော ခြံဝင်းကျယ်ကျယ်ကြီးရှေ့ မြေတလင်းပြောင်ပြောင်ဝယ် လူရွယ်တစ်စု ညနေရီရီခြင်းလုံးခတ် ဆော့ကစားလျက်ရှိနေကြပါ၏။

ထိုအခိုက် ကျားဖြစ်ပါလျက် မ,သို့ယိမ်းသူ လူတစ်ယောက် ခြံဝင်းတံခါးရှေ့၌ လာရပ်ကာ အတွင်းဘက်သို့ လှမ်းခေါ်၏။ ပါးစပ်ဘေးတွင် လက်ဝါးကလေးကို ကန့်ကလျကာလျက်...

''အဝင်းရေ... အဝင်း... ဟေး အဝင်း'' ဟူလို။

တယောနယ် နွဲ့သောအသံဖြစ်ဘိမူ၍ အဝင်းဆိုသူ ကြားဟန်မတူချေ။ ဤ၌ ခြင်းခတ်ကစားနေကြသူများထဲမှ လူငယ်တစ်ယောက်က ရိုးသားစွာဖြင့် ဝိုင်းဝန်းအော်ဟစ်ခေါ်ဆောင်ပေးရန်အလို့ငှာ ထိုအဝင်းရေအဝင်း လုပ်နေသော အစ်မခေါ်ရမလား၊ အစ်ကိုခေါ်ရမလား မသိသည့်ပုဂ္ဂိုလ်ဆီသို့လှမ်းကာ ''ယောကျ်ားလေးလော၊ မိန်းကလေးလော''ဟု မေးလိုက်ချေ၏။ ''အဘယ်အဆောင်က အဝင်းနည်း''ဟုလည်း ပုစ္ဆာပြုပါချေ၏။

ဤ၌ ခြံရှေ့မှလူ ခေတ္တ တွေသွားချေသည်။ ကျား၊ မ ဘယ့်နှာပြောရပါအံ့။ စဉ်းငယ်ခန့် စဉ်းစားပြီးနောက်တွင်မှ လက်သန်းကလေးကို ရှေ့သွားကလေးဖြင့် ကယုကယင် ကိုက်ချေကာ...

တနင်္ဂနွေ ဒီဇာအုပ်စုတိုက်

‘‘ဟိုလေ တို့လိုမျိုး အဝင်း’’ဟူသတည်း။

ကျား၊ မ ကိုယ့်ဥစ္စာကိုယ် အလိုမကျနိုင်သည်မှစကာ တို့လိုမျိုး အဝင်းတို့၏ခေတ် ဖြစ်ထွန်းခဲ့ချေကပြီ မဟုတ်တုံသလော။

မှန်၏။ အများသုံးအိမ်သာနှယ် ကျား၊ မ ခွဲခြား၍ထားချေသော အရပ်ဒေသများဝယ် ထိုတို့လိုမျိုးအဝင်းတို့သည် အဘယ်အခန်းသို့ ဝင်ရအံ့ သည်မသိ ကျီးကြည့်ကြောင်ကြည့်ဖြစ်ကြရချေ၏။ ကျားသို့လော သို့တည်း မဟုတ် မ,သို့လော။

ယခုတစ်မူ ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း Sisaket ပြည်နယ် ကမ်ပန်းမြို့ကလေးရှိ ကျောင်းသား ၂၆၀၀ ကျော်ကျော်ရှိ အထက်တန်း ကျောင်းကလေးဝယ် တို့လိုမျိုး အဝင်းတို့အတွက် သန့်စင်ခန်းသတ်သတ် လုပ်ထားပေးပြီဆိုချေရာ စိတ်အားတက်စရာပင်။

အနို့အပြင် ကျောင်းသား ၁၅၀၀ ရှိ မိုင်နည်းပညာကောလိပ်တွင် လည်း လိင်အင်္ဂါဖြတ်တောက်ပြီးသူ တို့လိုမျိုး အဝင်းတို့အတွက် သီးသန့် သန့်စင်ခန်းဆောက်ထားပြီးဆိုသည်ကို ဘုတ်အုပ်စာနယ်ဇင်းများဝယ် ဖတ်ရှု ရပြန်ပါ၏။

သြော်-အလိုမကျနိုင်သူတို့၏လောက။

ထိုင်းနိုင်ငံတွင် သို့ကလို ကျားမှမ၊ မမှကျား ပြောင်းလဲသူ အတော် ကလေးများသည်ဆိုတုံ၏။ အီရန်၌မူ အယာတိုလာခိုမေနီ (Ayatollagh Khomeini) က သို့ကလို ပြောင်းခွင့်ကို ၁၉၇၉ ကတည်းကပင် ပေးခဲ့ပြီး ပြောင်းလဲတပ်ဆင်လုပ်ကိုင်ခ တစ်ဝက်ကိုပင် အမိနိုင်ငံက ပေးအပ်သည်ဟု ကြားဘိချေရာ တို့လိုမျိုး အဝင်းတို့ အားတက်ဖွယ်ရာပင်။ သို့ကြောင့်ပေ လောမသိ။ အီရန်၌ ကျားမှ မသို့ ပြောင်းပြီးသူ တစ်သိန်းကျော်သွားပြီ ဆိုလားဟူလို။

အနို့ကလို သို့ကလို နှစ်ကာလများ အတွင်းဝယ် သောမတ်စ်ဘက်တီ ဆိုသော လူတစ်ယောက်၏သတင်းကလည်း ကျွန်ုပ်ဆရာကြီးဂျက်ကို လာဆောင့်ပြန်၏။

သောမတ်စ်ဘက်တီကား မွေးစဉ်က မ ဟူသတည်း။ အနို့မို့ကြောင့် ထင်ပါရဲ့ ကျားဖြစ်လိုစိတ် ဆန္ဒပေါ်လာပြီးနောက် ကျားဟော်မုန်းဆေးများ ကို မျိုးစုံမှီဝဲတော့ချေရာ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများနှင့် ဖြစ်သွားတော့ချေ၏။ အနို့အပြင် သူက ရင်သားများကိုလည်း လှီးထုတ် ပြန်၏။ ချပ်ချပ်ရပ်ရပ်နှင့် တကယ့်ယောက်ျားရင့်မကြီးပုံ။

အနို့သော် သူက အမျိုးသမီးအင်္ဂါကိုကား မူလဘူတ မဆွအတိုင်း ထားသည် ဟူလို။ အနို့နှင့် တစ်ခါသော် သူက အခြားသူတစ်ဦး၏ သုက်ပိုး ကိုယူကာ သူ့သားအိမ်အတွင်းသို့ထည့်။ ၂၀၀၇ ခု ဧပြီလ၌ ကိုယ်ဝန်ရှိနေ ပြီဆိုသော သတင်းထွက်ပေါ်။ ယနေ့ ယခု ၂၀၀၈ ၏ ဇွန်လ ၂၉ တွင်ကား အမေရိကန်နိုင်ငံ၊ အော်ရီဂွန်ပြည်နယ်၊ ဘန်းမြို့ဆေးရုံ၌ သမီးမိန်းကလေး မွေးပြီဖြစ်ကြောင်းဟူလို။ သဘာဝအတိုင်း မွေးတော်မူပါလေသတဲ့။ မိခင်နို့ ကိုမူ မတိုက်ကျွေးနိုင် ဖြစ်ရပါလေသတဲ့။ ယင်း ၎င်း အမေရိကန်ပြည်ထုတ် People မဂ္ဂဇင်းထဲဝယ် ထို အနို့ သတင်းကို ဖော်ပြထားပါချေသတဲ့။

အကြင်သူ သောမတ်စ်ဘက်တီ။ အပေါ်ပိုင်းက ယောကျ်ား၊ အောက်ပိုင်းက မိန်းမ။ သူ့ကလေးက သူ့ကို ဒက်ဒီခေါ်ရမှာလား၊ မာမီ ခေါ်ရမှာလား၊ တို့လိုမျိုးပဲ ခေါ်ရမှာလား။ အတော်ကို ဦးခေါင်းစားဖွယ် ရာပင်။ ထား။

ယခုခေတ်နှယ် ကူးလူးဆက်ဆံမှု အလွန်အင်မတန် မြန်ဆန်သွက် လက်လွန်းလှချေသော ကာလ သမယဝယ် တစ်နေ့သော် သပွတ်အူ မွေးရပ်ဌာနေသို့လည်း တို့လိုမျိုး အဝင်းတို့၏ယဉ်ကျေးမှု အလုံးအရင်းနှင့် ဝင်ရောက်မလာဘူးဟု မပြောနိုင်ချေ။

အကယ်တန္တု ဝင်ရောက်လာခဲ့သည် ရှိလေသော် ကျွန်ုပ်ဆရာကြီး ဘယ့်နှာလုပ်ဆောင်ရပါအံ့။ တပ်ရမည်လော သို့မဟုတ် ဖြုတ်ရမည်လော။

သဟာမှမဟုတ် အပေါ်ပိုင်းက ကျား၊ အောက်ပိုင်းက မ၊ သို့မဟုတ် အပေါ်ပိုင်းက မိန်းမ၊ အောက်ပိုင်းက ယောကျ်ား လုပ်ဆောင်ထားလျှင်ရော ဘဇာက အဆင်ပြေပါအံ့။

သို့တည်းမဟုတ် နှစ်ခုစလုံး တပ်ဆင်ထားကာ စခန်းသွားနေလျှင် ရော အဆင်ပြေချောမွေ့နိုင်ပါစ။

အဲ...ဘဇာသို့မှ အလုပ်မရှုပ်တော့အောင် အကုန်လုံး ဖြုတ်တောက် ပိတ်ပင်ပစ်လိုက်ကာ နပုလ္လိင်ကြီးအဖြစ် ပြောင်းလဲလိုက်ရင်များ ပို၍အဆင်ပြေ သွားလေမလား။

ဟောသည် ကိုယ်ခန္ဓာကြီးကိုက ပြဿနာ ရှုပ်ပွလွန်းလှပါချေရဲ့ လဗျာ။ ။

Source: AFP သတင်းများ။
7 Day News(10 July 18)
The Voice(14 July 08)

**မဟောသီ၊ စက်တင်ဘာလ၊ ၂၀၀၈။**

❑



ကယ်လီဖိုးနီးယားမိုနီလော့ဂ်

## သန်လျက်ကို စွန့်ပြီ

လွန်လေပြီးသော လေးငါးဆယ်ရက်လောက်ဆီကပင် ဖြစ်ပါပေသတည်း။ ဘယ်ကဘယ်လို ရရှိလာသည် မသိ။ ဘုရားလောင်း တောထွက်ခန်း ကက်ဆက်ခွေအဟောင်းကြီး ကယ်လီဖိုးနီးယား လက်ဖက်ရည်ဆိုင်အတွင်းက ကက်ဆက်ချိုကျိုးနားရွက်ပဲ့ကြီးထဲ အတင်းထိုးထည့်ကာ ဖွင့်ပြီးသည့်သကာလ နားသောတဆင်ပြီးသည် ရှိလေသော် သိဒ္ဓတ္ထမင်းသား၏ ထီးနန်းကိုစွန့်၍ နိက္ခမပါရမီကျင့်ပုံကို အံ့သြချီးမွမ်း၍ နေကြလေကုန်သတတ်။

တနဒီတအုပ်တိုက်

သူ့အို သူနာ သူသေ ရဟန်း နိမိတ်ကြီးလေးပါးကို တွေ့မြင်ပြီး သည့်သကာလ တရားရှာရန် အလို့ငှာ ရာဇပလ္လင်နှင့် သန်လျက်ကိုစွန့်ခွာ ခန်းသည်ကား လွမ်းစရာပင်။ ဤကား ကျွန်ုပ်တို့၏ ဗုဒ္ဓဝင်။

အနို့နောက်တွင်ကား ကျွန်ုပ်တို့၏စကားဝိုင်းသည် ဇာတကဝတ္ထု များဘက်ဆီသို့ ရွေ့လျား၍သွားပြန်ဘိချေရာ မဟာဇနကဇာတ်တော်ကြီး ဘူတာတွင် သွားရောက်ဆိုက်ကပ်၏။ မဟာဇနကမင်းသားသည်လည်း ထိုနည်းနှင်နှင်ပင် ဖြစ်ပါ၏။ ပင်လယ်ပြင်တွင် သင်္ဘောမှောက်၊ မဏိ မေခလာ နတ်သမီးကယ်တင်၊ ကျောက်ဖျာရှိရာသို့ ဖုတ်သွင်းရထားဆိုက် ရောက်၊ နမတစ်ဝမ်းကွဲတော်သူ သိဝလိဒေဝီနှင့်လက်ဆက်၊ ၎င်းနောက် အသီးရှိသောသရက်ပင်နှင့် အသီးမဲ့သောသရက်ပင် နှိုင်းယှဉ်လျက် ကြည့် မိရာက ပိုင်ဆိုင်မှုသည် အန္တရာယ်ရှိပါကလားဟု တွေးမြင်မိကာ ထီးနန်းကို စွန့်ခွာပြီးသည့်သကာလ တောထွက်ခဲ့ချေသည် မဟုတ်တုံသလော။ ထား။

ယခု ကျွန်ုပ်တို့၏ ခေတ်သစ်ကမ္ဘာကြီး၌လည်း သန်လျက်ကိုစွန့်ခွာ ရာဇပလ္လင်ကိုကျောခိုင်း အာဏာပါဝါတည်းဟူသည့် တံတိုင်းကို ကျော် ဖြတ်ကာ ခုန်ထွက်လာသူတို့မှာ ဒုန့်ဒေးသာပင်။

ကက်စထရိုဟူသည့် အမည်နာမသည်ကား မြန်မာဘုတ်အုပ်ချစ်သူ တို့ ရင်းနှီးပြီးသားဖြစ်ချေသည့် အမည်နာမ အမှတ်တံဆိပ်တစ်ခုသာပင်။

ဖီဒယ်ကက်စထရို။ ဟုတ်ကဲ့၊ Fidel castro၊ ကျူးဘား (Cuba) ခေါင်းဆောင်ကြီး Fidel castro၊ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေနှင့်။ ရဲခေါင် ပြောက်ကျား ချေဂွေဗားရား၏ မိတ်ဆွေကြီးပေပဗျာရယ်။

အနို့ ဆိုပါက ကက်စထရိုကြီးဟာ ၁၉၅၉ ခု ဇန်နဝါရီကတည်းက သူ့နိုင်ငံ ကျူးဘားမှာ အာဏာရခဲ့သည်မဟုတ်တုံသလော အကျွန်ုပ်မိတ်ဆွေ။ ဘာတစ္စတာ စစ်အစိုးရကိုဖြုတ်ချခဲ့သည် မဟုတ်တုံသလော အဆွေစာချစ်သူ။

အနီ ပြည်သူ့ခေါင်းဆောင်ကြီး ကက်စထရိုသည် ၁၉၅၉ မှ စတင်ကာ ၂၀၀၈ ခုနှစ်အထိ ပြည်သူ့အကျိုးကို ၄၉ နှစ်ကြီးများအထိ ထမ်းရွက်ရှာကာ အမှုတော် ဆောင်ရွက်ခဲ့ချေသည် မဟုတ်တုံသလော။

ယခုကြည့် ၂၀၀၈ ခုနှစ်ထဲ၌ သူ အာဏာကိုစွန့်ခဲ့ချေပြီ။ ကျူးဘားနိုင်ငံ ဘာတစ္စတာ စစ်အစိုးရလက်အောက်မှ လွတ်မြောက်ရန်အလို့ငှာ ကြိုးပမ်းဆောင်ရွက်ရန်အတွက် မိတ်ဆွေ ချေဂွေဗားရားနှင့်အတူ မက္ကဆီကိုနိုင်ငံ ကမ်းခြေမှ ထွက်ခွာလာခဲ့ကြစဉ်က စီးခဲ့သော ဂရမ်မာ(Granma) ဟူသည့် ရွက်လှေကလေးကို အမှတ်တရ ဂုဏ်ပြုထုတ်ဝေသည့် ကျူးဘားသတင်းစာ ဂရမ်မာ(Granma) ၌ Fidel castro resigns as president Cuba ဟူ၍ ပါရှိလာသောအခါ အံ့ဩ ချီးကျူးကြရကုန်ပါ၏။ ကက်စထရိုကျူးဘားသမ္မတအဖြစ်က နုတ်ထွက်ပြီဆိုပဲ့ကလား။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ထုတ် ကွန်မြူနစ်ပါတီအာဘော်ကျူးဘားသတင်းစာ၌ အနို့ကလို သို့ကလို ဖော်ပြလိုက်သောအခါ သြော် ၄၉ နှစ် တာဝန်ထမ်းရွက်ပြီးနောက် အာဏာကို မမက်မောကြောင်း ပြသခဲ့ချေပြီတကားဟု သဘောပေါက်ရပါချေ၏။ လုံးဝဥဿုံ လှည့်မကြည့်ခဲ့ပါလေတော့။ သူ့ညီကလေး ရာအူးလ် ကက်စထရိုကို လွှဲပေးခဲ့ပါသော်ကောဗျာရယ်။ ရှော့...ကိုကို့သန်လျက် ညီလေးယူကွယ်။

မြောက်ကိုရီးယားနိုင်ငံက ကင်အီဆွန်း (Kim il sung)ဆိုလျှင်လည်း ကျွန်ုပ်တို့နှင့် အကျွမ်းတဝင်ရှိပြီးသား နာမည်ပေပဗျာရယ်။ ၁၉၄၈ ခုနှစ်ကတည်းက သူ့ခမျာ ဝန်ကြီးချုပ်တာဝန်ကို ထမ်းရွက်ခဲ့ရသည် မဟုတ်ချေတုံသလော။

အစိုးရ ဟူသည် လူထု၏အမှုကို ထမ်းရွက်ရသူဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်ထားသူ ဖြစ်ဘိတော့ချေရာ ရာဇပလ္လင်

ကို အနီပုဂ္ဂိုလ် မမက်။ မတွယ်တာ။ အနိစ္စမရောက်မီကတည်းကပင် အနာဂတ်ခေါင်းဆောင်ကို ရှာဖွေကာ လွှဲအပ်ပေးထားပြီး ဖြစ်ပါ၏။


ဟော..အနို့နှင့် ၁၉၉၄ ခုနှစ်တွင်ကား ခေါင်းဆောင်ကြီးကင်အီဆွန်း အနိစ္စရောက်ခဲ့ရချေကပြီ။ ကင်မ်ဂျုံအီလ်က သူ၏အာဏာကို ဆက်ခံရယူလိုက်ရရှာပါ၏။ ကင်မ်ဂျုံအီလ်ကား ကင်အီအွန်း၏ ရင်မှဖြစ်သောသား။ ထား။

အဲသမှာပဗျာရယ်။ အလုပ်မရှိ အကိုင်မရှိ ပျင်းတင်းတင်း ရှိလာသပဆို ကျွန်ုပ်ဂျက်ကွမ်းခြံကုန်း၏မွေးဌာနေ သပွတ်အူကျေးရွာအလယ်က ကယ်လီဖိုးနီးယားလက်ဖက်ရည်ဆိုင်ထဲ နေကုန်နေခန်းထိုင်ကာ ဟောင်ဖွာဟောင်ဖွာနဲ့ တောင်ပြောမြောက်ပြော ပြောနေဖြစ်ကြတော့တာပဗျာရယ်။

အဲသမှာ ခုတစ်လောတော့ ဘုရင်စနစ် မရှိတော့ဘူး ဆိုတာဘက်ကို စကားဝိုင်းက ဓာတ်ကျနေပြန်တော့ သမင့်ဟာ။

မဟေသီ၊ မတ်လ၊ ၂၀၀၉။

❑



ကယ်လီဖိုးနီးယားမိုနီလော့ဂ်

## ကျွန်ုပ်နှင့် သပွတ်အူနာများ

ကမ္ဘာကျော် စာရေးဆရာကြီးများထဲ၌ ကျွန်ုပ် ဂျက် ကွမ်းခြံကုန်း အသည်းခိုက်သောပုဂ္ဂိုလ်တို့ အထွေထွေ အပြားပြား ရှိကြလင့်ပေရာ တစ်ဦးမှာကား ဂျိမ်းဂျွိုက် ပေတည်း။

စာနဒီစာအုပ်တိုက်

ဟုတ်ကဲ့၊ James Joyce၊ အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့သား ကမ္ဘာကျော် စာရေးဆရာကြီးဂျိမ်းဂွိုက်စ်။

သူ့ဝတ္ထု ယူလစ်ဆစ် (Ulysses) ကမ္ဘာကျော်သတဲ့။ ကျွန်ုပ် မဖတ် ဘူးချေ။

အနုပညာရှင်တစ်ဦး ငယ်ရွယ်စဉ်ဘဝ (A Portrait of the Artist as a Young Man) လည်း ကမ္ဘာကျော်သတဲ့။ ကျွန်ုပ် မပြည်းမစမ်းဖူးဘူးချေ။

ဤသို့ Dubliners ဟူသည့် ဝတ္ထုအတိုပေါင်းချုပ်ကလေးကိုကား ဟိုဆရာက ဘာသာထပြန်၊ သည်ဆရာက ဘာသာထပြန်နှင့် ကျွန်ုပ် အတော့်ကို မနှောကြည်မွေ့ သဘောအဆီငှေခဲ့ပါပေ၏။ သူ့မြို့သူ့ရွာ ဒဗ္ဗလင်နာဆိုသော ဒဗ္ဗလင်မြို့သူမြို့သားတို့၏ နေ့စဉ်ညစဉ် လူမှုဘဝသရုပ် ဖော် ရုပ်ပုံကားချပ်ကလေးများပင်။

အနို့နှင့် ကျွန်ုပ်ကား ဂျိမ်းဂွိုက်စ်၏ ဒဗ္ဗလင်နာကို အားကျဘိခဲ့ချေ ကပြီ။ အနို့ကြောင့် **သပ္ပတ်အူနာ** (thabutuners) ခေါ် သပ္ပတ်အူသူ သပ္ပတ်အူသားများဟူသည့် အမည်ဖြင့် ဝတ္ထုတိုအပေါင်းအချုပ် စာအုပ် ကလေး တစ်အုပ် လုပ်ဆောင်ရန် စိတ်ကူးမိခဲ့ပါ၏။ ယင်း ထို ၎င်းကြောင့် ကျွန်ုပ်ကား ပြတင်းပေါက်တံခါးကလေးကို ထာဝစဉ် လှစ်ဟကာ အိမ်ရှေ့ မျက်နှာချင်းဆိုင်ရှိ လက်ဖက်ရည်ဆိုင်ကို စေ့ငုတော့ချေကာ မွေးဌာနေ သပ္ပတ်အူသူ သပ္ပတ်အူသားတို့၏ ရုပ်ပုံလွှာကလေးများကို ဖမ်းယူနေရ တော့သည်သာ တကားသတည်း။ ရံခါရံခါတွင်မူ သတင်းစာ၊ ဂျာနယ် ကလေးများဖတ်လိုက်၊ အဖန်ရည်ကလေး ငုံလိုက်။

အနို့ကလိုနှင့် တစ်နေ့သ၌တွင်မူကား ကျွန်ုပ်လည်း မျက်နှာချင်း ဆိုင် လက်ဖက်ရည်ဆိုင်သို့ မျှော်ငေးကာ သပ္ပတ်အူသူ သပ္ပတ်အူသား ယောက်ျား၊ မိန်းမတို့၏ ရုပ်ပုံလွှာကလေးများကို ခဲခြစ်ကောက်ကြောင်း ရေးခြစ်၍ နေသည့်အခိုက်ဝယ် ပျင်းပျင်းရှိလာသည်နှင့် သတင်းစာအဟောင်း

ကလေးတွေ ဟိုလှန်သည်လှောလုပ်ရင်း သတင်းကမ္ဘာထဲ၌ နစ်မျော၍ နေမိခဲ့ပေသဗျာ။

ဤ၌ မြန်မာ့အလင်းသတင်းစာကလေးတစ်စောင်၏ နိုင်ငံတကာ သတင်းတိုကလေးတစ်ပုဒ်က အိုင်-ကျွန်ုပ်ကို ကိုင်လှုပ်ချေသဗျ။ ဗြိတိသျှ သို့မဟုတ် ဗြိတိန် သို့မဟုတ် အင်္ဂလန်နိုင်ငံ လန်ဒန်ရွှေမြို့တော်ကလာသည့် သတင်းပေပဗျာရယ်။

ဗြိတိသျှတို့၏အရပ်မှာလည်း ထီထိုးသည့်အမှုကို ပြုတော်မူကြလေ သတဲ့ခင်ဗျ။ ဗြိတိသျှ အမျိုးသားအောင်ဘာလေထီဆိုလား။

အဲသည် ထီလုပ်ငန်းကို ကြီးကြပ်နိုင်ရန်အလို့ငှာ ဗြိတိသျှ အမျိုးသား အောင်ဘာလေထီ စည်းကမ်းထိန်းသိမ်းရေးမှူးများကိုလည်း ခန့်အပ်ထားရှိ တာဝန်ပေးထားကြပါလေသတဲ့။

အဲသမှာ ထူးခြားတာက ကမ်းမလော့ကော်ပိုရေးရှင်းဆိုတာပါ။ အမျိုးသားထီရုံးရဲ့ ထီလုပ်ငန်းဆိုင်ရာအဝဝကို အနီး ကမ်းမလော့ကော်ပို ရေးရှင်းက ဦးဆောင်ဦးရွက် တာဝန်ယူလုပ်ဆောင်ပေးနေခဲ့လေသတဲ့ဗျာ။ ထား။

အဲသည်အနီး ဗြိတိသျှတို့ရဲ့ ထီလောကမှာလည်း စိတ်ညစ်စရာတွေ က ရှိနေခဲ့လေသတဲ့ဗျာရဲ့။ လူတစ်သောင်းလောက်ကို တွေ့ဆုံမေးမြန်း စစ်တမ်းထုတ်ခဲ့ဘိချေလေသောအခါ လူငယ်တွေ၊ အထူးသဖြင့် အသက် ၁၂ နှစ်နဲ့ ၁၅ နှစ်ကြား လူငယ်တွေဟာ လောင်းကစားပြဿနာတစ်ခုခု ရှိနေကြလေသတဲ့ဟူ၏။ လူတစ်သောင်းတွင် ၅၄၉ ဦးခန့်၊ တစ်နည်းအားဖြင့် ၅ ရာခိုင်နှုန်းသည် ထီ အစရှိသော လောင်းကစားမှုတစ်ခုခု၌ ပါဝင် ပြဿနာဖြစ်၍ နေကြပါကြောင်းဟူလို။

ယင်း ၎င်း အနီး သိုးဆောင်းစကားပြော ဗြိတိသျှလူငယ်တို့သည် မိဘတို့၏ ပိုက်ဆံငွေကြေးများကို ခိုးယူ၍သော်လည်းကောင်း၊ မိမိတို့၏

မုန့်ဖိုးကို သုံးစွဲ၍သော် လည်းကောင်း ထီထိုးကြ၊ လောင်းကစားကြ ဟူသတည်း။

ဤ၌ ဗြိတိသျှ အမျိုးသားအောင်ဘာလေထီ စည်းကမ်းထိန်းသိမ်းရေးမှူးတို့ ခေါင်းခြောက်ကပြီ။ လူငယ်နဲ့ ကြမ္မာရေလှိုင်း။ လူငယ်နဲ့ ကံဇာတာရဟတ်ချား။

အနို့နှင့် အမိန့်တစ်ခုကို ထုတ်ပြန်လိုက်ရတော့ချေပါ၏။ အသက်တစ်ဆယ့်ခြောက်နှစ်အောက် ကလေး လူငယ်များအား ထီလက်မှတ်ရောင်းချခြင်း အလျှင်းမပြုရဟူလို့။ ထီလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်လုပ်ကိုင်နေသည့် ကမ်းမလော့ကော်ပိုရေးရှင်း လိုက်နာသမှုပြုစေ။ စိတ်ညစ်ဖို့ကောင်းလိုက်တဲ့ ဗြိတိသျှ။ လူငယ်တို့ရဲ့ စိတ်ကူးယဉ် ကမ္ဘာကလေး ပျက်စီးဆိတ်သုဉ်းရဘိချေကပြီ။ ထား။

အနို့နှင့် ကျွန်ုပ်လည်း ပျင်းစပ်စပ်ဖြစ်လာချေသောအခါ တောင်ဖတ်မြောက်ဖတ်ကလေးတွေ အသာချ။ လက်ဖက်ရည်ဆိုင်ရှိရာ ငေးရပြန်ချေသည်။ ကြိုပ်တုစလောင်းကတော့ဖြင့် အတော့်ကိုဖွင့်သည့် ဆိုင်ပေပလေဗျာ။ သပွတ်အူသူ သပွတ်အူသားတွေကလည်း ဘာကြိုက်သလဲမမေးနဲ့။ ရုပ်မြင်သံကြားဖန်သားပြင်ကို အာရုံစိုက်ကာ နစ်မျော တိတ်ဆိတ် အသက်ရှူမှားလို့၊ တစ်နေ့ ၂ ကြိမ်ကတော့ အနီးဆိုင်မှာ လူပြည့်နေသပမောင်ရယ်။ ငြိမ်နေတာပဲ။

အဲ...အဲ ထွက်လာကြပါပြီ။ နေ့လယ်ခင်း ၁နာရီလောက်ရှိမလားပါပဲ။ ဦးခေါင်းကြီးတွေကို ငိုက်စိုက်ချလို့။ မီးသေနေသည့် ဆေးပေါ့လိပ်ကြီးတွေကို လက်မှာညှပ်လို့၊ ရံခါရံခါ မျက်နှာချင်းဆိုင်ကလာနေသည့် သူကိုလက်ခါ၍ပြတတ်ကြသေး။ ဟာကွာတို့ အဲတော်တို့ ဆိုတဲ့အသံတွေကဖြင့် မကြားချင်အဆုံး။ ညနေရီရီ ၅ နာရီလောက်မှာလည်း ထိုနည်းလည်းကောင်း။ ၎င်းသည်ပင်လျှင် ကျွန်ုပ်တို့ သပွတ်အူနာများ၏ပုံရိပ်။ Daily Life ရှုမျှော်ခင်း။

တနင်္ဂဒီတအုပ်တိုက်

စာရေးဆရာကြီး ဂျိမ်းဂျွိုက်စ် ဆိုလျှင်ဖြင့် မသိ။ ကျွန်ုပ် ဂျက်ကွမ်းခြံကုန်း အဖို့ရာမှာမူကား ဘယ်အတ္တာကစ၍ ဘဇာသို့ ရေးရမယ်မှန်း မသိတတ်နိုင်ပေါင်ပါပေ တမုံ့တကား။

Source : မြန်မာ့အလင်းသတင်းစာ (1.3.1998)

မဟောသီ၊ ဧပြီလ၊ ၂၀၀၉။

❑

လာဘ်ပေးလာဘ်ယူ တို့ရန်သူဆိုသည့် စကားကို ကျွန်ုပ် ဦးစွာပထမ ကြားဖူးခဲ့သည်မှာ မူလတန်းကျောင်းသား အရွယ် ဟိုး ခပ်ငယ်ငယ် ကလေးကတည်းက ဖြစ်ပါ၏။ ကျွန်ုပ်တို့ သင်ကြားရသော မြန်မာဖတ်စာ စာအုပ်ထဲ တွင် ထိုလာဘ်လာဘကိစ္စအကြောင်း စာတစ်ပုဒ် ပါဝင် ပါ၏။ ခေါင်းစဉ်သည်ကား ယခု ကျွန်ုပ် အစပိုင်း၌ ရေး သားထားခဲ့သလို လာဘ်ပေးလာဘ်ယူ တို့ရန်သူပင် ဖြစ် ပါ၏။

မိုးသက်မုန်တိုင်းတို့ သည်းထန်စွာ ရွာသွန်းသော နေ့တစ်နေ့တွင် ကိုတံငါတစ်ဦးသည် ငါးကြီးတစ်ကောင် ကို ဖမ်းမိ၏။ ဤ၌ သားငါးပုစွန်တို့ ဆွံ့အရှားပါးသောနေ့

ကယ်လီဖိုးနီးယားမိုနီလော့ဂ်

# အို . . . အသင် ဩကာသလောက



စာနဒီစာအုပ်တိုက်

ဖြစ်သည်ကြောင့် ရတောင့်ရခဲငါးကြီးကို ဘုရင်မင်းမြတ်ထံ ဆက်သရန် နန်းတော်သို့ဝင်၏။

ထိုအခါ တံခါးမှူးက လာဘ်လာဘအများအပြား ရတော့မည်ကို ရိပ်စားမိသည်ဖြစ်၍ သူ့အား တစ်ဝက်ပေးမည်ဟု ကတိပေးမှ ဝင်ခွင့်ပြုမည်ဟု ဟန့်တား၏။

အနို့နှင့် လိုရင်းကို တိုရှင်းဆိုရသော် ကိုတံငါက ပေးမည်ဟု ကတိပေး၊ မင်းကြီးကိုဝင်ဆက်၊ မင်းကြီးက အားရဝမ်းသာဖြစ်၊ လိုသော ဆုကို တောင်းစေဟု ဆုပေး၊ ကိုတံငါက ကြိမ်ဒဏ်အချက် ၁၀၀ ဟု တောင်းဆို၊ နန်းတော်တစ်ခုလုံး အံ့ဩမဆုံး ဖြစ်သွားကြရ၏။

ကိုတံငါအား ကြိမ်ဒဏ် အချက် ၅၀ ခပ်ဖွဖွ နူးညံ့ညင်သာစွာ ရိုက်အပြီး ကိုတံငါက တားသည်ဖြစ်၍ ခေတ္တ ဟပ်ပဒိုင်း (Half Time) နှင့် ရပ်ဆိုင်းလိုက်ကြရပါ၏။

ကိုတံငါက မိမိ ရမည့်ဆုမှ တစ်ဝက်တိတိ တောင်းဆိုထားသည် ဖြစ်၍ ထိုတောင်းဆိုသူ တံခါးမှူးအား ကျန်အချက် ၅၀ ရိုက်ပါရန် ဟူလို။

မင်းကြီး ပြုံးတုံ့ပြုံးယောင် ဖြစ်ခဲ့ရချေပြီတကား။ ဉာဏ်ရွှင်သည့် ကိုတံငါအပေါ်ချစ်ခင်မှု၊ သူတစ်ပါး ချွေးနှင့် သွေးထဲကနေ တစ်ဝက်တိတိ နှိုက်ချင်သော တံခါးမှူးအပေါ်စက်ဆုပ်မှု။ သိပ်လှတဲ့ ဇာတ်ဝတ္ထုကလေး ပေပဗျာရယ်တကား။

## (နှစ်)

လာဘ်ပေး လာဘ်ယူ ဟူသည်မှာ ဟိုးရှေးအတီတေ ဇာတ်ဝတ္ထု ဘုတ်အုပ်တွေထဲမှာသာလျှင် ဆိုးသည် မဟုတ်။ ယနေ့ခေတ်တွင်လည်း ကမ္ဘာ့နိုင်ငံ အသီးသီး၌ လာဘ်ပေးလာဘ်ယူကိစ္စကို အလိုမရှိ တိုက်ဖျက်၍နေကြသည်သာ။ လာဘ်ဟူသည့် စကားလုံးကြမ်းကြမ်းကြီးကိုသာမက လက်ဆောင်ဟူသည့် စကားလုံး လှလှကလေးကိုပါ စက်ဆုပ်ကြချေသည်။

တနဒီစာအုပ်တိုက်

ဤသို့ မကြာသေးခင်က အိန္ဒိယသမ္မတကြီး အဗ္ဗဒူကလမ်ကို သတိရစဖွယ်ဖြစ်ပါ၏။

အိန္ဒိယနိုင်ငံ၏ ၁၁ ဆက်မြောက် သမ္မတ၊ ၂၀၀၂-၂၀၀၇ တာဝန်များကို ထမ်းဆောင်သွားခဲ့ပြီး ၂၀၀၇ ဇူလိုင် ၂၅ က လက်ဆွဲသေတ္တာကလေး နှစ်လုံးမျှနှင့် သမ္မတရာထူးကို စွန့်လွှတ်သွားခဲ့သူကြီးက ဘာလက်ဆောင်မှ မယူနဲ့ ဟူသည့် သူ့ဖခင် ကူးတို့မှူးကြီး၏ စကားအတိုင်း သူ အသက်ရှင်သည်ဟု ဝန်ခံခဲ့သည်။ ကြက်သီးများပင် ထမိပါရဲ့ အို... သမ္မတကြီး အဗ္ဗဒူကလမ်။

စကားမစပ် ယခု ရုရှသမ္မတကြီးဘက်ဆီ သွားသတိရမိပြန်ပါငဲ့။ လာဘ်ပေးလာဘ်ယူကို မုန်းသော သမ္မတ။ ဒီမစ်ထရီမက်ဗီဒက်ဗ်။ ရုရှအစိုးရအဖွဲ့ဝင်များသည် လစဉ်ဝင်ငွေများကို ထုတ်ပြန်ထားရမည်ဆိုပါ၏။ ပိုင်ဆိုင်မှုများကိုလည်း ဖော်ပြထားရမည်ဟု ဆိုပါ၏။

ငှင်းနောက် လက်ဆောင်။ ဟုတ်၏၊ လက်ဆောင်။ ၁၀၉ ဒေါ်လာထက် ပိုမို၍ တန်ဖိုးကြီးသော လက်ဆောင်ပစ္စည်းများကို မယူကြရ ဟူလို။ တစ်ချက်တစ်ချက် အသက်ခိုးရှူစရာကလေးတော့ ရရှိမည်ဟု ထင်ပါရဲ့။

မည်သို့ပင် ဆိုစေကာမူ ဝက်ဝံကြီးတွေကလည်း အပေးအယူကိစ္စတွေကို ရွံမုန်းပုံရနေကြောင်း ဆိုသည်မှာ ထင်ရှား၍နေပြီ မဟုတ်ချေသလောအဆွေစာရှုသူ။

ဤနေရာ၌ ကျွန်ုပ်၏စိတ်ထဲသို့ ဝင်ရောက်၍လာပြန်သော နိုင်ငံတစ်ခုမှာကား တောင်ကိုရီးယားနိုင်ငံပင်။

အွန်စောတို့၊ ဥျန်စောတို့၊ ထယ်စောက်တို့၊ ချန်ဂင်တို့၊ ချိုဝမ်တို့၊ ဘီယောင်ဥျန်းတို့၊ ရိန်းတို့ ကျွန်ုပ်တို့ဆီက ပျိုပျိုအိုအိုတို့အား ရွစိရွစိဖြစ်အောင် အနီ တောင်ကိုရီးယား သရုပ်ဆောင်စတားတို့က ညှို့ယူဖမ်းစား၍ထားခဲ့သည် မဟုတ်သလော။

စာနဒီတာအုပ်တိုက်

ထို အနီ တောင်ကိုရီးယားနိုင်ငံကလည်း အစိုးရအဖွဲ့ဝင်တို့သည် မိမိတို့၏ဝင်ငွေနှင့် မိမိတို့၏ ပိုင်ဆိုင်ထားမှုများအား တင်ပြထားကြရမည် ဟူလို။

လာဘ်ပေးလာဘ်ယူတို့၊ လက်ဆောင်ပစ္စည်းတို့ကို ထိန်းသိမ်းကွပ်ကဲသမှု ပြုကြပုံများမှာ သတိချပ် အတုယူစဖွယ်ပါပေ တမုံ့။

(သုံး)

ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းသည်ကား ဟိုသွားသည်သွားနှင့် အတော့်ကို ခြေများသူ ဖြစ်ပါ၏။

ကျွန်ုပ်၏ အပေါင်းအသင်း ရောင်းရင်း မိတ်ဆွေသင်္ဂဟ ဆိုသည်များကလည်း ယခုအခါ ရာထူးနှင့် ဌာနန္တရနှင့် ဝင့်ထည်တင့်ကြွယ်နေကြသူတို့ ဖြစ်သည့်တိုင် ငယ်ပေါင်းကြီးဖက် ကျောင်းနေဖက် သူငယ်ချင်းများ ဖြစ်ကြသည်ကြောင့် ပြောမနာဆိုမနာဖြစ်ကြသည့်အပြင် ကျွန်ုပ်၏ အနိုင်ကျင့်မှုကိုလည်း အတော့်ကို ခံကြရရှာပါ၏။

ကျွန်ုပ်ကား မိမိက လိုချင်လာပြီဟုဆိုလျှင် မည်သည့် သူငယ်ချင်းကိုမျှ အားမနာ၊ လိုချင်တာကို ရအောင်ယူပြီးသည့်သကာလ ပါးစပ်ကလည်း တွေ့ရာပြောချတတ်သူပင်။

ဥပမာ တစ်နေ့သော် သူငယ်ချင်း တစ်ယောက်၏အိမ်သို့ သွား၊ သူနှင့်အတူ ဝီစကီ နည်းနည်းပါးပါးသောက်၊ နည်းနည်းကလေး မူးနောက်နောက် ဖြစ်လာသောအခါ သူ့အိမ်က ဂျော်နီလမ်းလျှောက် Green Label တစ်လုံး ဖွတ်ယူလာခဲ့၏။ နှုတ်ကလည်း နမြောမနေနဲ့ကိုယ့်လူတို့၊ ဩကာသပါကွာလို့ ပြောမိခဲ့ရာ သူငယ်ချင်းမှာ ပြုံး၍သာနေ၏။

နောက် သူငယ်ချင်း တစ်ယောက်၏အိမ်သို့ အရောက်တွင်မူ သူ့ပုဆိုးအသစ်တစ်ထည်ကို ကျွန်ုပ်က ဖွတ်တောင်းယူ၏။ ကျွန်ုပ်၏ ဆိုး


ဂျစ်ဂျစ်စတိုင်လ်ကို သိသော သူငယ်ချင်းမှာ သူ့ဩကာသထဲမှ ကျွန်ုပ်က ယူသည်ကို စိတ်မဆိုး။

အရာရှိပေါက်စ အပျိုကြီးမမ၏အိမ်ကမှူ ဟဲ့ ငါ့ကို နင့် မုန့်ပုံး တစ်ပုံးပေးလှဟယ်ဟုဆိုကာ ကျွန်ုပ်က အနိုင်ကျင့်ဘိဖူးပေသည် တမုံ့။ သူတို့ကား ကျွန်ုပ်ကို ခွင့်လွှတ်ကြသည်သာ။

ကျွန်ုပ်ကား သို့ကလို ဟိုသွားသည်လာ လောကကြီးထဲ၌ နေထိုင်ရတာကို အလွန်ကျေနပ် ပျော်ရွှင်ပါသည်။ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဟူချေသော လောကကြီး ၃ ပါးထဲဝယ် ဩကာသလောကကြီးကို အထူးပင် ချစ်ခင်မြတ်နိုး တွယ်တာတပ်မက်လျက် ရှိရပါပေသည် တမုံ့တကား။

မြူးတီး၊ ဇွန်လ၊ ၂၀၀၉။

❑



ကယ်လီဖိုးနီးယားမိုနိုလော့ဂ်

## ဘုန်းကံကြီးမို့ စီးပါတော့လား

ဖိလစ်ပိုင် သမ္မတဟောင်း ကိုရာဇုန်အကွီနို ကွယ်လွန်အနိစ္စရောက်သွားရှာသည့်အကြောင်း တောင်ဖတ်မြောက်ဖတ် ဖတ်ရှုနေပြီးသည့်သကာလ မော်တော်ကားအကြောင်းကလေး ပါလာသောအခါ အကျွန်ုပ် ဆရာကြီးဂျက်ကွမ်းခြံကုန်း နည်းနည်းကလေး မျက်ခုံးတွန့်သွားမိသည်ကတော့ အမှန်ပ အရပ်ကတို့ရယ်။

ကိုရာဇုန်အကွီနို(corazon Aquino) ဟူသည့်အမျိုးသမီးကို ကျွန်ုပ်တို့ ရင်းနှီးခဲ့ကြသည်မှာ ကြာပင်ကြာလှခဲ့ချေပေါ့။

စာနဒီတာအုပ်တိုက်

ဖိလစ်ပိုင်၌ အာဏာရှင် ဖာဒီနန်မားကို့စ် တန်ခိုးထွားလျက်ရှိစဉ် သူမ၏ခင်ပွန်းသည် ဘီနစ်နီအကွီနို ၁၉၇၈ ၌ ထောင်အချခံခဲ့ရသည်ကို ကျွန်ုပ်တို့ မှတ်မိကြသေးသည် မဟုတ်သလော။

အနို့နောက် အမေရိကန်သမ္မတ ဂျင်မီကာတာ လက်ထက်၌ ဘီနစ်နီအကွီနိုတစ်ယောက် အမေရိကန်၌ သွားရောက်ခိုလှုံနေခဲ့သေးသည် မဟုတ်သလော။

အနို့နောက် ၁၉၈၀ ရွေးကောက်ပွဲအတွက် ဖိလစ်ပိုင်သို့ ပြန်အလာ လေဆိပ်မှာပင် အလုပ်ကြံခံလိုက်ရလေပြီ။

ဤမျှ ဘာဖြစ်သနည်း။

လူထု၏ကရုဏာမဲများက ကျန်ရစ်သူ ဇနီးသည် ကိုရာဇန်အကွီနို (Corazon Aquino)၏ထံသို့ ပုံအောကျရောက်လာခဲ့ကာ ဖိလစ်ပိုင်သမ္မတ ဖြစ်လာခဲ့။ အာဏာရှင် ဖာဒီနန်မားကို့စ်နှင့် သူ၏ချစ်ဇနီး အီမယ်ဒါမားကို့စ် တို့လည်း ဟာဝိုင်အီကျွန်းသို့ ထွက်ပြေးခဲ့။ ထား။

အနို့ကလို ၁၉၈၆ မှသည် ၁၉၉၂ အထိ သမ္မတတာဝန် ထမ်းဆောင်သွားခဲ့လေသည့် ကိုရာဇန်အကွီနို(Corozon Aquino)၏ ဘဝ၌ ကျွန်ုပ်ရင်ထဲတွင်ငြိနေသော ဇာတ်ကွက်လေးတစ်ကွက်ရှိလေပေ့ါ သပ္ပုရိသအနွယ်ဝင် သူတော်စင်တို့ရေ။

ဖိလစ်ပိုင်သမ္မတကြီး ဖြစ်သွားပြီဆိုမင့်ဟာ။ နိုင်ငံတော်က မာစီဒီးစ်ကားကြီး ပေးလေသတတ်။

အဲသဟာကို သမ္မတက မစီးဘူးတဲ့ဗျာရယ်။ ဟင့်အင်း ဆိုပါကလား။ ရိုးရိုး တိုယိုတာကားကလေးနဲ့ပဲ ဖြစ်သလိုစီးကာ နိုင်ငံ့တာဝန်တွေကို ထမ်းဆောင်သွားသည်ဆိုပဲ့ါကလား။ အကျွန်ုပ် ခေါင်းခါ၍ နေမိခဲ့ပေ့ါ။

အနို့နှင့် မော်တော်ကားအကြောင်း အတွေးထဲဝင်ရောက်လာသမို့ဟာ မာသာထရီဆာ (Mither Teresa) ဆိုသည့် အမျိုးသမီးကြီးက ခေါင်းထဲ ဝင်ရောက်လာပြန်သဗျ။

၁၉၇၉ ၏ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် မာသာထရီဆာ၊ ယူဂို ဆလပ်နိုင်ငံသူ မာသာထရီဆာ၊ ငယ်နာမည် အဂ္ဂနက်စ်၊ လူပုံသေးသေး ညှက်ညှက်။

အနှစ် ၅၀ လုံးလုံး နိုင်ငံ ၁၀၀ လောက်မှာ ဒုက္ခသည်စခန်း ၅၀၀ ကျော်ဖွင့်ခဲ့သည့် မာသာထရီဆာ၊ အိန္ဒိယတိုင်းရင်းသူဘဝကို ခံယူလိုက်ကာ ကာလကတ္တားတွင် အခြေစိုက်ပြီးသည့်သကာလ အနူအရွဲ့ အငတ်အပြတ် တို့အတွက် ပရဟိတလုပ်ငန်းတွေထဲ အခြေစိုက်ခဲ့သည့် မာသာထရီဆာ။

၁၉၆၄ တွင် ပုပ်ရဟန်းမင်းကြီး ဗာတီကန်မြို့မှနေ၍ အိန္ဒိယသို့ လာလည်သတတ်။ လင်ကွန်းကွန်တင်နီတယ် ဇိမ်ခံကားကြီးတစ်စီးကို မာသာထရီဆာအား လက်ဆောင်ပေးသည် ဆိုသတတ်။ မစီးလေဘူးတဲ့ အရပ်ကတို့ငယ်လေ။

၎င်း အနီ ဇိမ်ခံကားကြီးကို ရောင်းပစ်ပြီးသည့် သကာလ ရလာ သည့်အသပြာငွေကြေး အကုန်အစင်ကို ဒုက္ခသည်စခန်းတွေအတွက် သုံးစွဲ ပစ်လေသတဲ့ သူတော်စင်စာဖတ်သူတို့ရယ်။ ကျွန်ုပ်လည်း ခေါင်းကိုသာ ခါယမ်းနေမိချေသည်တမုံ့။

အတွေးဟူသည့် ရေအလျဉ်သည် ဆက်စပ်ရာဆက်စပ်ရာ ကွေ့ပတ် စီးဆင်းတတ်သည့်အားလျော်စွာ မော်တော်ကားနှင့်ပတ်သက်ရာရာတွေဆီ စိတ်ကူးရောက်မိချေတော့ ဗီယက်နမ်ခေါင်းဆောင်ကြီး ဟိုချီမင်း (Ho Chi Minh) က အတွေးထဲသို့ ဝင်ရောက်လာပြန်ချေပေါ့။

ဗီယက်နမ်ကို ပြင်သစ်တို့လက်အောက်မှ လွတ်မြောက်ရန်အလို့ငှာ တိုက်ခဲ့သူ။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်ကိုလည်း တိုက်ခဲ့သူ၊ ဗီယက်နမ်

နှစ်ခြမ်းကွဲသော မြောက်ဗီယက်နမ်သမ္မတဖြစ်လာသူ၊ ဗီယက်နမ် ပြန် ပေါင်းစည်းရန်အတွက် တောင်ဗီယက်နမ်က ပြောက်ကျားစစ်ဖြင့် ထကြွ လာရာ အမေရိကန်၏ ချေမှုန်းမှုကို ဝိုင်းဝန်း တိုက်ဖျက်ခဲ့သူ၊ အန်ကယ်ဟို အန်ကယ်ဟိုနှင့် တစ်ကမ္ဘာလုံးမေတ္တာစာတ်ကို ရရှိသူ သမ္မတကြီး ဟိုချီမင်း။

အဲ့သမှာ ဘယ့်နှာဖြစ်သည်မသိ။ မော်တော်ကား မစီးဘူးတဲ့ဗျာရယ်။ သူ့သစ်သားအိမ်ကလေးနှင့် သမ္မတနန်းတော်၏စပ်ကြား စက်ဘီးကလေးစီးကာ ရုံးတက်ချေသတဲ့။ ဂျက်ဆရာကျွန်ုပ်ကမူ ခေါင်းကိုသာ ခါပြီးရင်း ခါနေမိပါ လေရဲ့။

စင်စစ်တစ်မူ ဘုန်းကံရှိလို့ စီးခွင့်ရသည် မဟုတ်သလော ဦးလေးကိုကြွက်သိုးရယ်။

ဟိုး ပင်းယခေတ်က ကျော်စွာ ဆိုသည့် ဘဝရှင်မင်းတရားကြီး ရှိခဲ့ဖူးလေရာ White Elephant ငါးစီးကြီးများတောင် ရှိသည့်အတွက် ငါးစီးရှင်ကျော်စွာဟုပင် ဟိန်းဟိန်းဟုန်းဟုန်း ဖြစ်ခဲ့သမို့ဥစ္စာ။

ခု ကြည့်။

တစ်ယောက်ကလည်း ရိုးရိုးကားကလေးနဲ့ တော်ပါပြီ။

တစ်ယောက်ကလည်း ဇိမ်ခံကားကြီးရောင်းပစ်ကာ ဒုက္ခသည်တွေ ကို ကယ်သတဲ့။

တစ်ယောက်ကလည်း စက်ဘီးနဲ့ပဲ သွားမယ်တဲ့။

ဘုန်းကံကြီးလို့ စီးရသမို့ဥစ္စာ ဘယ့်နှာသော ကမ္ဘာကျော်စိတ်ကူး တွေများလဲလို့ မစဉ်းစားတတ်ပါပြီ တမုံ့တကား။

မဟောသီမဂ္ဂဇင်း

❑



မပြောကောင်း မဆိုကောင်း

# ဝယ်လို့ကောင်း ခြမ်းလို့ကောင်း

## (တစ်)

ယခု ကျွန်ုပ် ပါဝင်ရေးသားသော ဘုတ်အုပ်မဂ္ဂဇင်းကို ဖတ်ရှုနေသည့် စာပေမွေ့သူသည် ဘယ့်နှာသို့သော လူပုဂ္ဂိုလ် အမျိုးအစား ဖြစ်သနည်း ဆိုသည်ကို အကျွန်ုပ် မသိပေ။ ပုရိသယောကျ်ားသော် လည်းကောင်း၊ ဣတ္ထိယ မိန်းမသော် လည်းကောင်း ဖြစ်မည်မှာကား ကေန်မုချ မလွဲမသွေ ဖြစ်ပါ၏။ အနို့အပြင် အပျိုလူပျိုလူလွတ်လူလပ် အိမ်ထောင်ရှိ အိမ်ထောင်ကွဲ အိမ်ထောင်အဆက်ဆက် အိမ်ထောင်ပြိုင်တူ သူ့ဟာသူနှင့် ရှိကြစမြဲပင်။

တနင်္ဂနွေ**တနဒီ**စာအုပ်တိုက်

ဟုတ်ကဲ့။ ကျွန်ုပ်သည်ကား ကိုယ့်ဥစ္စာနှင့်ကိုယ် ခြေချုပ်မိနေသော လူတစ်ယောက်ပင် ဖြစ်ပါ၏။ သည်တော့ အနိုကလို ယောကျ်ားများ၏ ထုံးစံအတိုင်း ကိုယ့်ဥစ္စာကြီးကိုကိုယ် အဘယ်သို့သော ကာလတွင်မှ ကျေနပ်သည်ဟူ၍ မရှိချေ။

အချို့ပုရိသတို့ကား ဖျင်းသော ဖျင်းသောကြောင့် မိမိတို့ ဥစ္စာကြီးကို မုန်း၏။ အချို့ပုရိသတို့ကမူ အရပ်ထဲလှည့်ကာ ပြဿနာရှာတတ်သောကြောင့် မိမိတို့ဥစ္စာကြီးကို အမြင်ကတ်၏။ အချို့ပုရိသတို့သည်ကား အသုံးအဖြုန်းကြီးသောကြောင့် မိမိတို့ ဥစ္စာကို စိတ်ကုန်၏။ အပျော်အပါး လိုက်စားသောကြောင့်၊ အစားကြူးသောကြောင့်၊ ညညဟောက်လွန်းသောကြောင့် စသည် စသည်ဖြင့် မိမိတို့ဥစ္စာကို မိမိတို့ အာရုံနောက်နေသည့် ကိစ္စများမှာကား ထွေထွေရာရာ ရှိတတ်ကြစမြဲပင်။

ဂျက်ကွမ်းခြံကုန်းကရော ဘာသားနဲ့ထုထားလို့တဲ့တုံး။ ကျွန်ုပ်၏ ဥစ္စာကြီးကို ကျွန်ုပ်စိတ်ပျက်နေသပေါ့ သပ္ပုရိသအနွယ်ဝင် သူတော်စင်စာရှုသူတို့ငဲ့လေ။

## (နှစ်)

ကျွန်ုပ်အိမ်ရှိ ဥစ္စာကြီး၏ရောဂါက ပိုက်ဆံငွေကြေး အသပြာကို အရွက်ကြီးကြီးတွေ ကိုင်သုံးချင်သော ရောဂါပေပ။

ကျွန်ုပ်တို့ဆီမှာ ရာတန်ဟူသည် အကြီးဆုံးငွေစက္ကူ ဖြစ်နေစဉ် အခါက ကျွန်ုပ်အိမ်က ဥစ္စာကြီးသည် ရာတန်ရူးပေပ။ ပိုက်ဆံအိတ်ထဲ ရာတန်များ စုထည့်ကာ ဈေးဘက်ဆီသို့ တစွတ်စွတ်ပေါ့။

တော်ကြာနေ ငရုတ်သီးစိမ်းကလေး ပြေးဝယ်လိုက်၊ တော်ကြာနေ ကြက်သွန်နီ၊ ကြက်သွန်ဖြူကလေး ပြေးဝယ်လိုက်။ ဈေးသည်က ရာတန်ကြီး အစ်မရယ်ဟု ညည်းညူသည်ကို ဂုဏ်ယူနေခဲ့တတ်ပေကြောင်း။

တနဒီစာအုပ်တိုက်

နောင်တော့လည်း အိမ်ကဥစ္စာကြီးရဲ့ လက်ထဲက ရာတန်ဟာ ဘဇာမှ မထုးဆန်းတော့ပေါင်ပါဗျာ။ မုန့်ဟင်းခါးတစ်ပွဲကိုပင် ရွှပ်ရွှပ်ဟုဆိုကာ သုံးရွက်ခန့် ထွက်သွားမဟုတ်သဏ္ဍာ။

အနို့နှင့် ကတ်သွားကို ချုပ်ကြပါစို့ရဲ့။ သည်နွှေမိုးဆောင်း ပြောင်းရွှေ့အခါခါ၊ ရွက်ဝါလွင့်ကြွေ၊ မုတ်သုံမွှေနှောက်၊ မြောက်လေ ဆော်သွန်း ရာသီတို့ ယွွန်းပြီးရင်း ယွန်းခဲ့ကြသည်ရှိလေသော် ငွေအသပြာ ငါးရာကျပ်၊ ငွေအသပြာ တစ်ထောင်ကျပ် ကျွန်ုပ်အိမ်ကဥစ္စာကြီး သဘော အထပ်ထပ်ကျဉ်သာ နေတော့သပေါ့ဗျာရယ်။ အကြီးကြီးတွေကိုင်ကာ ဈေးသို့သွား။ မအမ်းနိုင်ဘူးဆိုသော် သဘောကျ။ နောက်တော့လည်း ဘဇာမှ မဟုတ်ပြန်ပါဘူး စာရှုသူ။

(သုံး)

တမြန် သုံးလေးရက်ခန့်လောက်ကဟု ထင်မိပါရဲ့။

ကျွန်ုပ်အိမ်က ဥစ္စာကြီးက နိုင်ငံရပ်ခြားသို့ သွားချင်ပြန်သတဲ့ အရပ်ကတို့။

အမေရိကန်လား၊ အင်္ဂလန်လား၊ သဟာမှမဟုတ် စင်ကာပူလား၊ ဂျပန်လား။

ကြားခါစက ကျွန်ုပ်၏ နားကိုသော်မှ ကျွန်ုပ် မယုံကြည်နိုင်ခဲ့ပါ ကလား အဆွေ။ ဇင်ဘာဘွေသို့ သွားချင်သည် ဆိုပါ့ကလား အရပ်ကတို့။

ကျွန်ုပ်က ရောဘတ်မူဂါဘီတို့၏ ဇင်ဘာဘွေလားဟု မေးမိရာ ဟုတ်မှဟုတ် ဟူ၏။

ဘယ့်နှယ် ၂၀၁၀ ကျရင် စားနပ်ရိက္ခာတွေ မလုံမလောက်ဖြစ် မယ်။ နံ့စားသီးနှံ တန်ချိန်တစ်သိန်းကိုးသောင်းလိုမယ်၊ အခြား အခြားသော သီးနှံတွေက တန်ချိန်ကိုးသောင်းလိုမယ်နဲ့ ဒုက္ခတွေပွားနေသော နေရာသို့ ဘယ့်နှာမို့ သွားချင်သတုံး အချစ်ရယ်။

သြော်...

မိန်းမဆိုသည်ကား မိန်းမပေပ။ သူ့အစွဲကို ဘယ့်နှာဖျောက်နိုင်လိမ့်မတုံးပလေ။ ဇင်ဘာဘွေနိုင်ငံ၌ ငွေစက္ကူတစ်သန်းတန် ထုတ်ဝေသည်ဆိုသောသတင်းကို စိတ်ဝင်စားနေတာပကလား။

အနို့နှင့် ကျွန်ုပ်လည်း အိမ်က ဥစ္စာကြီးကို ဖျက်ရန်အလို့ငှာ တောင်တောင်အီအီတွေကို ရှာဖွေဖတ်ရပြန်သပေါ့။

တွေ့ခဲ့ပါပြီ ဇင်ဘာဘွေသတင်း။

အနို ငွေစက္ကူတစ်သန်းဖြင့် ပေါင်မုန့်တစ်လုံးသာ ဝယ်၍ရပါကြောင်း ဟူလို။

ကျွန်ုပ်ကား ယင်းငှင်းသတင်းကို ကိုးကားကာ မသွားဖို့ တားမိပါ၏။ ကျွန်ုပ်၏ ဥစ္စာကား ဘယ့်နှာမှ တားမရ။ ပေါင်မုန့်တစ်လုံးပဲရရ၊ ပေါက်စီတစ်လုံးပဲရရ သွားကို သွားမည် ဟူသတတ်။

တစ်သန်းတန် ငွေစက္ကူတွေကိုင်ကာ ဇင်ဘာဘွေဈေးထဲ၌ ငရုတ်သီးမှုန့်ကလေး၊ မဆလာကလေး၊ ငရုတ်ကောင်းကလေး၊ နနွင်းမှုန့်ကလေး ဝယ်ဖူးချင်သည်ဟု ကျွန်ုပ်ကို တောင်းဆိုနေခဲ့ပါလေကြောင်းတကား တမုံ့။

မြူးတီး

ဂျက်ကွမ်းခြံကုန်း

❑

# ကမ္ဘာကြီးက
# တောင်ကန်မြောက်ကန်

## ဂျက်ကွမ်းခြံကုန်း